# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 16 July 2023 ၁၁၁၅၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံကုန်ထုတ်လုပ်မှုမြှင့်တင်ရေးအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

# စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် ထွက်ကုန်များကိုအသုံးပြု၍ MSME ကုန်ထုတ်လုပ်ငန်းများကို တိုးတက်အောင် အလေးထားဆောင်ရွက်ပြီး ကုန်ထုတ်စွမ်းအားများမြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၅**

နိုင်ငံကုန်ထုတ်လုပ်မှုမြှင့်တင်ရေး အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့အစည်းအဝေးတွင် လုပ်ဦးရေအရများပြားသည့် အဓိကသီးနှံများ စိုက်ပျိုးထုတ်လုပ်သည့်၊ မွေးမြူရေးလုပ်ငန်းများနှင့် MSME ကုန်ထုတ်လုပ်ငန်းများတွင် အားအကောင်းဆုံးဖြစ်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များကိုဖိတ်ခေါ်၍ အစည်းအဝေးတက်ရောက်စေခြင်းဖြစ်ကြောင်း၊ ယခုတက်ရောက်လာသည့်


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**





ကြေးမုံ

# အခြေအမြစ်မရှိ စွပ်စွဲမှုများ ဆန့်ကျင်ပယ်ချ

ယခုရက်ပိုင်းအတွင်းပြုလုပ်သော မြန်မာနိုင်ငံနှင့်ပတ်သက်သည့် နိုင်ငံတကာ အစည်းအဝေးအချို့တွင် သက်ဆိုင်ရာနိုင်ငံမပါဘဲ တစ်ဖက်သတ် မျှမတဖော်ပြထားသည့် အချက်အလက်အချို့ ဆွေးနွေးပြောဆိုနေမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် ရှင်းလင်းပြတ်သားစွာ အသေးစိတ်တုံ့ပြန်ပယ်ချထားသည်။ မြန်မာနိုင်ငံ၏ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ပြောဆိုမှုများကို ရှေးယခင်ကာလများမှ ယခုအချိန်ထိတိုင် ပြောဆိုနေကြဆဲဖြစ်သည်။

မြန်မာနိုင်ငံသည် သူတစ်ပါးပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုဘဲ မိမိပြည်တွင်းရေးကို ပြည်တွင်း၊ ပြည်ပဥပဒေ၊ ကျင့်ဝတ်ကျင့်ထုံးများနှင့်အညီ ဖြေရှင်းဆောင်ရွက်လျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ဇူလိုင်လ ၁၁ ရက်နေ့က ပြုလုပ်ခဲ့သည့် (၅၆)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် မြန်မာနိုင်ငံကိစ္စနှင့်ပတ်သက်၍ တစ်ဖက်သတ်မမျှတသည့် အချက်အလက်အချို့ကိုတွေ့ရသည်။ ဂျီနီဗာမြို့တွင် ဇွန်လ ၁၉ ရက်နေ့မှ ဇူလိုင်လ ၁၄ ရက်နေ့အထိ ကျင်းပခဲ့သည့် လူ့အခွင့်အရေးကောင်စီ၏ (၅၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ကောင်စီ၏မူဝါဒများနှင့် သွေဖည်ဆောင်ရွက်ခဲ့သည်ကိုတွေ့ရသည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်သည် သက်ဆိုင်ရာနိုင်ငံ၏ ငြိမ်းချမ်းသောနည်းဖြင့် စစ်မှန်သည့်ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးကြိုးပမ်းမှုများနှင့် သဘောထားရပ်တည်ချက်များကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးအခြေအနေကို ဖော်ပြထားသည်။ နိုင်ငံတစ်နိုင်ငံအား ပစ်မှတ်ထား၍ ပြည်တွင်းရေးကိစ္စကို ဖော်ပြမှုသည် အာဆီယံပဋိညာဉ်စာတမ်းတွင် ပြဋ္ဌာန်းထားသည့် “ဝင်ရောက်မစွက်ဖက်ရေးမူ”နှင့် သွေဖည်နေသည့်အတွက် မြန်မာနိုင်ငံက မည်သည့်အခါကမျှ လက်ခံခြင်းမရှိကြောင်း ထပ်မံဖော်ပြထားသည်။

လူ့အခွင့်အရေးကောင်စီ၏ (၅၃)ကြိမ်မြောက် ဆွေးနွေးပွဲများနှင့် လတ်တလောချမှတ်ခဲ့သော ဆုံးဖြတ်ချက်အဆိုတို့သည် မြန်မာပြည်သူပြည်သားများအပေါ် အမုန်းစကားမြောက်ကြောင်းနှင့် ယဉ်ကျေးမှုနှင့် တိုင်းရင်းသားမျိုးစုံပါဝင်သော မြန်မာ့လူ့ဘောင်အသိုက်အဝန်းအကြား စိတ်ဝမ်းကွဲပြားစေရန် လှုံ့ဆော်ရာရောက်ကြောင်း စိုးရိမ်ဖွယ်ရာမှတ်သားရသည်။ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ မြန်မာနိုင်ငံအပေါ်ထားရှိသည့် စေတနာကို အစဉ်တစိုက်ကြားသိကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံကို အထီးကျန်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အပြန်အလှန်ဆွေးနွေးမှုများပြုလုပ်ခဲ့သည်ကို စိတ်ပျက်ဖွယ်တွေ့ရသည်။

မြန်မာနိုင်ငံကို ပျက်စီးစေရန် ကြံစည်အားထုတ်နေသည့် အထူးအစီရင်ခံစာတင်သွင်းသူအား မြန်မာနိုင်ငံအစိုးရကို သိက္ခာချရန်ကြိုးပမ်းမှုအဖြစ် အကန့်အသတ်မရှိ စာရွက်စာတမ်းများနှင့် ဆွေးနွေးမှုများပြုလုပ်နိုင်ရန်အတွက် ဥရောပသမဂ္ဂနှင့် အနောက်နိုင်ငံများက ဆီလျော်မှုမရှိသော လုပ်ပိုင်ခွင့်များပေးထားသည်။ ၎င်းသည် မြန်မာနိုင်ငံတွင် အပြစ်မဲ့ပြည်သူ ၆၀၉၁ ဦးကို လုပ်ကြံသတ်ဖြတ်ခဲ့သည့် NUG နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ လူမဆန်သောလုပ်ရပ်များကို ဖုံးကွယ်ထားသည်။ ၎င်းသည် မြန်မာနိုင်ငံ၏ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများအတွက် ဖြည့်ဆည်းပေးသည့် အစိုးရပိုင်လုပ်ငန်းများအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်နိုင်ရန် အဖွဲ့ဝင်နိုင်ငံများကို ထပ်မံတောင်းဆိုထားသည်။ ယင်းသည် ပြည်သူများကို ထိခိုက်စေရန်နှင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေးများကို ဖျက်ဆီးရန် ကြံစည်အားထုတ်မှုဖြစ်သည်။

မြန်မာ့အရေးကိစ္စသည် ပြည်တွင်းရေးသာဖြစ်ပြီး နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပေါ် မည်သည့်ခြိမ်းခြောက်မှုမျှ မဖြစ်ပေါ်စေသည့်အတွက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ (၅၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလတွင် အတည်ပြု၊ ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာများနှင့် ဆုံးဖြတ်ချက်အဆိုတို့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုတရားရုံး(ICC) တို့အား ရည်ညွှန်းဖော်ပြမှုများကို မြန်မာနိုင်ငံက ပြင်းထန်စွာ ကန့်ကွက်ပယ်ချရမည်သာဖြစ်သည်။ နိုင်ငံတစ်နိုင်ငံကိုဦးတည်သည့် ဆုံးဖြတ်ချက်အဆိုများနှင့် လုပ်ပိုင်ခွင့်များ၊ ၎င်းတို့၏ နောက်ဆက်တွဲ အပြန်အလှန်ဆွေးနွေးမှုများသည် သက်ဆိုင်ရာနိုင်ငံနှင့် နိုင်ငံတကာအသိုက်အဝန်းတို့အကြား ဓမ္မဓိဋ္ဌာန်ကျသော အစီရင်ခံမှု၊ အပြုသဘောဆောင်သောဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ပေါ်စေခြင်းမရှိသည့်အတွက် မြန်မာနိုင်ငံက အစဉ်တစိုက် ဆန့်ကျင်နေခြင်းဖြစ်သည်။

သို့ဖြစ်ရာ အစီရင်ခံစာများနှင့် နိုင်ငံအချို့၏ မိန့်ခွန်းများတွင်ပါဝင်သည့် အခြေအမြစ်မရှိသော စွပ်စွဲချက်များနှင့် ဝင်ရောက်ပြောဆိုချက်များကို မြန်မာနိုင်ငံကပယ်ချပြီး အစည်းအဝေးများတွင် မိတ်ဆွေနိုင်ငံများ၏ မျှတပြီး အပြုသဘောဆောင်သော ပြောကြားချက်များကို ကျေးဇူးတင်ရှိရမည်ဖြစ်သည်။ ဆုံးဖြတ်ချက်အဆိုကို အတည်ပြုချမှတ်ရာတွင် ပါဝင်ပတ်သက်ခြင်းမပြုသောနိုင်ငံများနှင့် မြန်မာနိုင်ငံ အတူရပ်တည်လျက်ရှိပြီး မြန်မာနိုင်ငံအား အခြေအမြစ်မရှိသောစွပ်စွဲချက်များနှင့် ဝင်ရောက်စွက်ဖက်နှောင့်ယှက်မှုမှန်သမျှကို ပြင်းထန်စွာကန့်ကွက်ပယ်ချ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၅**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများသည် မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ထန်းတပင်တောရကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ရန်အောင်မြင်တိုက်သစ်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာသုဗောဓာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ထူပါဇေယျုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံ မြို့နယ်ရှိ တိပိဋကစိန်ရွှေဖူးကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ အောင်ရာဇာပရိယတ္တိစာသင်တိုက်နှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ ကျွန်းကလေးပရိယတ္တိကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာဓမ္မိကာရာမကျောင်းတိုက်နှင့် အမရပူရမြို့နယ်ရှိ မဂ္ဂင်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ပဲခူးပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ ဇေယျမင်္ဂလာကျောင်းတိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ခါးရိုးပရိယတ္တိစာသင်တိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ အောင်မြေဘုံသာကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးစပါးစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းရရှိစေရန် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းဆောင်ရွက်



**မင်းလှ ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးစပါး လျာထားကေထက် ကျော်လွန်စိုက်ပျိုးနိုင်ရေးနှင့် စပါးအထွက်နှုန်းတိုးစေရန်အတွက် ဆောင်ရွက်လျက်ရှိရာ အမှတ်(၂၇) မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက သရက်တပင်ကျေးရွာတောင်သူ ဦးကျော်နိုင်၏ လယ်မြေ ၃ ဒသမ ၅၀ ဧက၌ ဆင်းသုခစပါးမျိုးအား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကို ယမန်နေ့က ပြသဆောင်ရွက်ခဲ့သည်။

အဆိုပါ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ညှိအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ထိုသို့ ကောက်စိုက်စက်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့ထိမိုးစပါး ဧက ၅၀ စိုက်ပျိုးပြီးစီးခဲ့ပြီး ဧက ၇၀ ခန့်ထပ်မံစိုက်ပျိုးရမည်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးမည့် တောင်သူများအနေဖြင့် ကောက်စိုက်စက်ဖြင့်စိုက်ပျိုးမည်ဆိုလျှင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ပျိုးထောင်စိုက်ပျိုးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဗိုလ်တထောင်မြို့နယ်၌ လူငယ်နှင့် ကျန်းမာရေးအသိပညာပေး ဆွေးနွေးပွဲပြုလုပ်

**ဗိုလ်တထောင် ဇူလိုင် ၁၅**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့ ပူးပေါင်းကာ ယမန်နေ့ မွန်းလွဲ ၂ နာရီက လူထုအခြေပြု ဗဟိုဌာနခန်းမတွင် လူငယ်နှင့်ကျန်းမာရေးအသိပညာပေး ဆွေးနွေးပွဲကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဦးစွာ ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝင်းကြည်က အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး မြို့နယ်တိုင်းရင်းဆေးကုဌာန မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်အေးချမ်းမိုးက လူငယ်နှင့် ကျန်းမာရေးအကြောင်း၊ ငယ်ရွယ်စဉ်ကစပြီး လူငယ်များ ကျန်းမာရေး အထူးဂရုစိုက်ရန်၊ ခေတ်လူငယ်နှင့် ကျန်းမာရေးအကြောင်းနှင့် ကျန်းမာရေးနှင့် ပတ်သက်၍ လူငယ်များဆောင်ရန်ရှောင်ရန်နှင့် လိုက်နာရမည့်အချက်များ၊ လူငယ်များသိသင့်သိထိုက်သည့် အချက်များ စသည်တို့ကို အကျယ်တဝင့်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရမည်းသင်းမြို့နယ်၌ အရိပ်ရပင်များ စုပေါင်းစိုက်ပျိုးပွဲ ကျင်းပ

**ရမည်းသင်း ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက်ရှိ ခံစပ်ကုန်းကန်ပေါင်ပေါ်၌ အရိပ်ရ၊ ကြီးမြန် ဒေသသစ်မျိုးအပင်များအား ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းကာ ယနေ့နံနက် ၈ နာရီခွဲက စုပေါင်းစိုက်ပျိုးသည်။

အဆိုပါ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ပျိုးပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**✻ ရှေ့ဖုံးမှ**

တိုင်းဒေသကြီးနှင့် ပြည်နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေတို့၏ စုစုပေါင်းလူဦးရေမှာ သန်း ၄၀ ကျော် (နိုင်ငံလူဦးရေ၏ ၅ ပုံ ၄ ပုံ)ရှိပြီး စိုက်ပျိုးမြေအနေဖြင့်လည်း ဧကသန်းပေါင်း ၄၀ ကျော်ရှိခြင်းကြောင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အဓိကကျသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး ဆောင်ရွက်ရာတွင် ပြည်တွင်းသုံးစွဲမှု၊ စားသုံးမှုဖူလုံအောင် ဆောင်ရွက်ရေး၊ ပိုလျှံအောင်ထုတ်လုပ်၍ပြည်ပပို့ကုန်တိုးမြှင့်ရေးနှင့် ပြည်ပသွင်းကုန်များအား အစားထိုးထုတ်လုပ်နိုင်ရေးဟူ၍ အပိုင်း သုံးပိုင်း ခွဲခြားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ ပြည်သူအများစု နေ့စဉ်သုံးစွဲစားသုံးနေရသည့် စိုက်ပျိုး၊ မွေးမြူရေးထုတ်ကုန်များကို ပြည်တွင်းဖူလုံမှုကို ဦးစားပေး၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အများစုသုံးစွဲခြင်း မဟုတ်ဘဲ ပြည်ပပို့ကုန်အဖြစ်တင်ပို့နိုင်သည့် ထုတ်ကုန်များကိုမူ ပို့ကုန်အဖြစ် ပိုမိုတင်ပို့နိုင်ရေး ဆောင်ရွက်နိုင်ကြောင်း။

**အောင်မြင်အောင် ဆောင်ရွက်လိုစိတ်ရှိရန်လို**

မိမိတို့အနေဖြင့် ၂၀၂၁ ခုနှစ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ရေးအတွက် ထုတ်ကုန်များတင်ပို့ခြင်းနှင့် မြေပေါ်မြေအောက် သယံဇာတပစ္စည်းများ တင်ပို့ရောင်းချခြင်းများ ရှိကြောင်း၊ မြေပေါ်မြေအောက်သဘာဝသယံဇာတများ ထုတ်လုပ်ခြင်းကိုနိုင်ငံ၏ ရေရှည်အကျိုးစီးပွားကိုကြည့်၍ ထိန်းချုပ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ဂျီဒီပီမှာ မိမိတို့နိုင်ငံ၏ ရေမြေသဘာဝနှင့်တူညီသည့် ဒေသတွင်းနိုင်ငံများ၏ ဂျီဒီပီနှင့် နှိုင်းယှဉ်ပါက များစွာကွာခြားလျက်ရှိနေသေးကြောင်း၊ ဂျီဒီပီတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေသူများအားလုံး လုပ်ငန်းများအလိုက် အောင်မြင်အောင် ဆောင်ရွက်လိုစိတ်ရှိရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သီးနှံအထွက်နှုန်းကို ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ခြင်းနှင့် စွမ်းအားပြည့် စိုက်ပျိုးခြင်းဆိုသည့်အချက် နှစ်ချက်ကို အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ သီးနှံအထွက်နှုန်းကို ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေး စိုက်ပျိုးသီးနှံအလိုက် လိုအပ်သည့် "မျိုး၊ မြေ၊ ရေ၊ နည်း" ဆိုသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ လိုအပ်သည့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာနှင့် မြေပြုပြင်မှုများဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စွမ်းအားပြည့် စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးမြေအားလုံး သီးထပ်စွမ်းအားပြည့် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခြင်းဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချနိုင်ခြင်း၊ သီးနှံအထွက်နှုန်း တိုးတက်ခြင်း၊ အလုပ်အကိုင်ဖန်တီးနိုင်စွမ်းတိုးတက်ခြင်း၊ ပြည်တွင်းဖူလုံမှုရှိခြင်းနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ပြီး နိုင်ငံ့စီးပွားတိုးတက်လာမည်ဖြစ်ကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိပြီး အသား၊ ငါး၊ ဥ၊ နို့များနှင့် စားသောက်ကုန်များ နေ့စဉ်လိုအပ်ချက်များရှိကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဒေသတွင်း ဖူလုံနေရုံဖြင့် ကျေနပ်နေခြင်းမရှိဘဲ တစ်နိုင်ငံလုံး ဖူလုံမှုရှိရေးအတွက် စဉ်းစားဆောင်ရွက်နေရန်လိုကြောင်း၊ အသား၊ ငါးများ ထုတ်လုပ်မှုနှင့် စားသုံးမှု ညီညွတ်မျှတမည်ဆိုပါက ဈေးနှုန်းကြီးမြင့်မှုကို ဖြစ်ပေါ်စေမည် မဟုတ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မိရိုးဖလာမွေးမြူခြင်းများထက် စနစ်တကျဖြင့် မွေးမြူဆောင်ရွက်မည်ဆိုပါက ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ကြောင်း၊ မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလေးထားကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ဝတ်ရေးနှင့်ပတ်သက်၍ လိုအပ်သည့် အခြေခံကုန်ကြမ်းဖြစ်သည့် ဝါစိုက်ပျိုးမှုများမှာ ၂၀၁၆ ခုနှစ်မှစတင်၍ များစွာလျော့နည်းသွားကြောင်း၊ တစ်နိုင်ငံလုံး ဝါလိုအပ်ချက်မှာ ပိဿာချိန် ၃၆၃ ဒသမ ၂၂ သန်းဖြစ်ပြီး မိမိတို့နိုင်ငံ၏ဝါထွက်ရှိနှုန်းမှာ ၂၀၁ သန်းခန့်သာရှိကြောင်း၊ သတ်မှတ်ဝါအထွက်နှုန်း ဖြစ်သည့် တစ်ဧကပိဿာချိန် ၇၀၀ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဝါလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သကဲ့သို့ ပိုလျှံမှုများဖြစ်ပေါ်လာပါက ပြည်ပသို့တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝါစိုက်ပျိုးနိုင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ဝါစိုက်ပျိုးမှုကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ အထွက်နှုန်းကောင်းပြီး အဆင့်မီသည့် ချည်များထုတ်လုပ်နိုင်သည့် ဝါမျိုးကောင်းများရရှိရေး ဆောင်ရွက်ရန်လိုကြောင်း။

**ကျယ်ပြန့်စွာဆွေးနွေးရန် လိုအပ်**

ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်း၌လုံလောက်စွာ ထုတ်လုပ်နိုင်မည်၊ ပြည်တွင်းမှ ထုတ်လုပ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးတွင် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ဒေသနှင့် နယ်ပယ်အလိုက် ဆောင်ရွက်ထားရှိမှုများ၊ လိုအပ်ချက်များကို ကျယ်ပြန့်စွာဆွေးနွေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဒေသအလိုက် မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံ၊ ဝါသီးနှံ၊ နှစ်ရှည်သီးနှံနှင့် အခြားသီးနှံများ စိုက်ဧကအခြေအနေ၊ ဒေသတွင်း ဆန်ဖူလုံမှု၊ လိုအပ်မှုနှင့် ပိုလျှံမှု၊ ဒေသတွင်း ဆီဖူလုံမှု၊ လိုအပ်မှုနှင့် ပိုလျှံမှု၊ စိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေးဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေ၊ သီးထပ်တိုးချဲ့ စိုက်ပျိုးနိုင်ရေးဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ တစ်ဧက အထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး ဆောင်ရွက်ထားရှိမှုများ၊ ဒေသခံတောင်သူများထံ သွင်းအားစုများနှင့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးနေမှု၊ သားငါးထုတ်လုပ်မှု၊ လိုအပ်မှုနှင့်ပိုလျှံမှု၊ ဒေသအလိုက် စားရေရိက္ခာဖူလုံရေးအတွက် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် တိုးချဲ့ဆောင်ရွက်စိုက်ပျိုးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိမှု၊ ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်သည့် စိုက်ပျိုးရေးထွက်ကုန်များအတွက် ပြည်ပဈေးကွက်ရရှိနိုင်မှု၊ တပ်မတော်မှ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် စိုက်ပျိုးမြေများကို အကျိုးရှိစွာ အသုံးချနိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံတကာ၌ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နေသည့် အနေအထားများ၊ ၎င်းကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှု သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်မှာကြားရာ၌ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးလုံး ပြည့်စုံစွာဖြင့် ဆောင်ရွက်နိုင်မှသာ အထွက်နှုန်းများ တိုးတက်မည်ဖြစ်ကြောင်း၊ သီးနှံများထုတ်လုပ်ရာတွင် ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်မှုရှိစေရန် ထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကိုလည်း ခေတ်မီနည်းစနစ်များအသုံးပြု၍ ဆောင်ရွက်ကြမည်ဆိုပါက ဒေသအလိုက် အသား၊ ငါးနှင့် ဥ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ လယ်ယာမြေများ၌ သတ်မှတ်ထားသည့် သီးနှံများစိုက်ပျိုးရေးနှင့် အခြားနည်းများဖြင့် သုံးစွဲမှုမရှိစေရေး တာဝန်ရှိသူများအနေဖြင့် ဥပဒေနှင့်အညီ ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အစီအစဉ်ဖြင့် ထိရောက်အကျိုးရှိသည့် တစ်ပိုင်တစ်နိုင် မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ သဘာဝသစ်စိမ်းမြေဩဇာဖြစ်သည့် ပိုက်ဆံလျှော်စိုက်ပျိုး၍ မြေပြုပြင်ခြင်းကို ဆောင်ရွက်ရာ၌ အလားအလာကောင်းသည်ကို တွေ့ရကြောင်း၊ ပိုက်ဆံလျှော်စိုက်ပျိုးခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူး၊ ပိုက်ဆံလျှော်နှင့် သဘာဝမြေဩဇာများ ပေါင်းစပ်အသုံးပြုပါက ရရှိနိုင်မည့်အကျိုးကျေးဇူး၊ ပိုမိုထိရောက်စေရေး ထပ်မံဖြည့်ဆည်းပေးရမည့် ပစ္စည်းများနှင့် ဒေသအလိုက် စိုက်ပျိုးပါကရရှိနိုင်သည့် အကျိုးကျေးဇူးများကို သက်ဆိုင်ရာဝန်ကြီးဌာနမှ သုတေသနပြု ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ပြည်ထောင်စုဝန်ကြီးများက စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဓာတ်မြေဩဇာများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ပေးထားမှု၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရာသီအလိုက် ချေးငွေများထုတ်ချေးပေးလျက်ရှိမှု၊ သီးနှံများ တိုးတက်လာအောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ မြေယာဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားပြီး လုပ်ငန်းများ လုပ်ဆောင်ရာတွင် လယ်ယာကဏ္ဍကြီးကို အခြေခံပြီး စက်မှုလုပ်ငန်းသို့ သွားရန်လိုအပ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သမဝါယမစနစ်ကိုကျင့်သုံးပြီး အစုအဖွဲ့များဖြင့် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ စုပေါင်းဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများရရှိအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် တောင်သူလယ်သမားများ၏အကျိုးကို ဖော်ဆောင်ပေးရန်လိုကြောင်း၊ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေး လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍ စသည့်ကဏ္ဍ သုံးခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရကြောင်း၊ ထိုအထဲမှ လယ်ယာကဏ္ဍကြီးသည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်များကို အခြေခံ၍ MSME လုပ်ငန်းများကို ဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးမြေများကို ဧကကွက်များဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက စက်မှုလယ်ယာအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ လျော့နည်းပြီး အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များကို ဒေသတွင်း၌ လိုအပ်ချက်ရှိသည့် နိုင်ငံများသို့ တင်ပို့နိုင်ကြောင်း၊ ထို့ကြောင့် လိုအပ်ချက်ရှိသည့် သီးနှံထွက်ကုန်များကို စိုက်ပျိုးရေး သုတေသန၊ ဈေးကွက်သုတေသနများပြုလုပ်၍ စိုက်ပျိုးပြီး တင်ပို့ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်တွင်း၌ အဓိကလိုအပ်သည့်သီးနှံများ၊ ပြည်ပတင်ပို့မှုအတွက် အဓိကလိုအပ်သည့် သီးနှံများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် ထွက်ကုန်များကိုအသုံးပြု၍ MSME ကုန်ထုတ်လုပ်ငန်းများကို တိုးတက်အောင် အလေးထားဆောင်ရွက်ပြီး ကုန်ထုတ်စွမ်းအားများ မြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားပြီး အစည်းအဝေးကို ည ၇ နာရီတွင် ရုပ်နားလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **လုပ်ငန်းများလုပ်ဆောင်ရာတွင် လယ်ယာကဏ္ဍကြီးကို အခြေခံပြီး စက်မှုလုပ်ငန်းသို့ သွားရန်လိုအပ်**

❖ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သမဝါယမစနစ်ကိုကျင့်သုံးပြီး အစုအဖွဲ့များဖြင့် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ စုပေါင်းဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများရရှိအောင် ဆောင်ရွက်ရန်လိုအပ်**

❖ **မိမိတို့အနေဖြင့် တောင်သူလယ်သမားများ၏အကျိုးကို ဖော်ဆောင်ပေးရန်လိုကြောင်း၊ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေး လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍ စသည့်ကဏ္ဍ သုံးခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရကြောင်း၊ ထိုအထဲမှ လယ်ယာကဏ္ဍကြီးသည် အဓိကကျသည့် အခန်းကဏ္ဍတွင်ပါဝင်**

❖ **စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သီးနှံအထွက်နှုန်းကို ပန်းတိုင်ရည်မှန်း ချက် ပြည့်မီအောင်ဆောင်ရွက်ခြင်းနှင့် စွမ်းအားပြည့်စိုက်ပျိုးခြင်းဆိုသည့်အချက် နှစ်ချက်ကို အလေးထားဆောင်ရွက်ရန်လို**

❖ **သီးနှံအထွက်နှုန်းကို ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး စိုက်ပျိုးသီးနှံအလိုက် လိုအပ်သည့် "မျိုး၊ မြေ၊ ရေ၊ နည်း" ဆိုသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ လိုအပ်သည့်သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာနှင့် မြေပြုပြင်မှုများဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေး စိုက်နည်းစနစ် မှန်ကန်ရေးတို့ကို ဆောင်ရွက်ရမည်**

# ပြည်ထဲရေးဝန်ကြီးဌာန ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၅**

ပြည်ထဲရေးဝန်ကြီးဌာန ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်/ ဝန်ထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန ပရဟိတအသင်းမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများနှင့် တပ်ဖွဲ့ဝင်/ ဝန်ထမ်းများ၊ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ဝန်ထမ်းများ၏ သားသမီးများအနေဖြင့် ပညာသင်ကြားရာတွင် အထောက်အကူဖြစ်စေရန်၊ ဂုဏ်ပြုချီးမြှင့်ထိုက်သူများကို အသိအမှတ်ပြု ဂုဏ်ပြုချီးမြှင့်ရန်နှင့် နိုင်ငံ၏ကြီးမားသောအင်အားတစ်ရပ်အဖြစ် အနာဂတ်နိုင်ငံတော်တည်ဆောက်ရာ၌ အရေးကြီးသော ကဏ္ဍအသီးသီးတွင် ပါဝင်ကြရမည့် လူငယ်လူရွယ်များအား တတ်စွမ်းသမျှ အထောက်အပံ့ပေးခြင်း ဖြစ်ကြောင်း၊ ပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်ဖြစ်သကဲ့သို့ အသိပညာ၊ အတတ်ပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များရှိမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် တည်ဆောက်ရာတွင် လူသားအရင်းအမြစ်သည် အဓိကဖြစ်သည့်အတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကို အဓိကဦးစားပေး ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ရခြင်းသည် ဝန်ထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူများအတွက် ပညာရေးပိုင်းဆိုင်ရာ တိုးတက်မြင့်မားစေရန်နှင့် ပညာတတ် လူငယ်မောင်မယ်များဖြစ်ကြပြီး ကဏ္ဍအသီးသီးတွင် ဦးဆောင်ဦးရွက်ပြုနိုင်သူများဖြစ်လာစေရန် ရည်ရွယ်ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တပ်ဖွဲ့/ဦးစီးဌာနများမှ သားသမီး သုံးဦးအနည်းဆုံးရှိပြီး တက္ကသိုလ်တက်ရောက်နေဆဲ ကျောင်းသား ကျောင်းသူရှိသည့် မိသားစုများကို ထောက်ပံ့ငွေပေးအပ်ပြီး ကျဆုံးတပ်ဖွဲ့ဝင်/ ဝန်ထမ်းများကို ပြည်ထဲရေးဝန်ကြီးဌာန ပရဟိတအသင်းမှ ထောက်ပံ့မှုဆောင်ရွက်ပေးရာတွင် တာဝန်ယူဆောင်ရွက်ပေးသည့် ရုံးအဖွဲ့နှင့် နိုင်ငံအဝန်းရှိ ဘုန်းတော်ကြီးကျောင်း ၂၂၅ ကျောင်းသို့ လစဉ်လှူဒါန်းနိုင်ရေး စီမံဆောင်ရွက်သည့် ရုံးအဖွဲ့ဝန်ထမ်းများကို ဂုဏ်ပြုချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ခြောက်ဘာသာဂုဏ်ထူးရှင် လေးဦးနှင့် ငါးဘာသာဂုဏ်ထူးရှင် လေးဦးတို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက ငါးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦးတို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်က လေးဘာသာဂုဏ်ထူးရှင် ရှစ်ဦးကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက လေးဘာသာဂုဏ်ထူးရှင် လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၆ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၁ ဦးတို့ကို လည်းကောင်း ပညာထူးချွန်ဆုများပေးအပ်ပြီး ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများကိုယ်စား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသူ မသိမ့်နှင်းစံက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူများမှ ခြောက်ဘာသာဂုဏ်ထူးရှင် ငါးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၂၁ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၆၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၇၇ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၀၅ ဦး စုစုပေါင်းဂုဏ်ထူးရှင် ၃၈၃ ဦး၊ ရိုးရိုးအောင်မြင်သူ ၆၈၇ ဦးနှင့် သားသမီးသုံးဦး အနည်းဆုံးရှိပြီး တက္ကသိုလ်တက်ရောက်နေဆဲ ကျောင်းသား ကျောင်းသူရှိသည့် မိသားစု ၃၂၅ ဦးတို့ကို ဒုတိယအကြိမ် ပညာသင်ထောက်ပံ့ကြေးအဖြစ် ချီးမြှင့်ထောက်ပံ့ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဟသ်ာတမြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြ

**ဟသ်ာတ ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ပြုလုပ်သည့် ကူဘိုတာကောက်စိုက်စက် ခြောက်တန်းသွားဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီက ဟသ်ာတမြို့နယ် တာကွေ့ကျေးရွာ ကွင်းအမှတ်(၁၄၉၂) ဦးပိုင်အမှတ်(၅/၂)ရှိ ဦးစောထူးနေစေး၏ လယ်မြေနှစ်ကေ၌ ပြုလုပ်သည်။

သရုပ်ပြပွဲတွင် ကူဘိုတာကောက်စိုက်စက် ခြောက်တန်းသွားနှစ်စီးဖြင့် မိုးစပါးစိုက်ပျိုးခြင်းအား လက်တွေ့သရုပ်ပြ စိုက်ပျိုးမှုပြုလုပ်ခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် တာဝန်ရှိသူများက လေ့လာကြည့်ရှုကြသည်။

အဆိုပါသရုပ်ပြပွဲသို့ ဟသ်ာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း၊ ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်ကျော်သန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆန်ထွန်းနှင့် ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုလေ့လာကြသည်။

ခရိုင်(ပြန်/ဆက်)



## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၂)ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးများသို့တက်ရောက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာ



**နေပြည်တော် ဇူလိုင် ၁၅**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆလုံးဆေးကိုမာဆစ်နှင့် ထိုင်းဘုရင့်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမွတ်(ဒ်) ဝိနိုင်းတို့၏ တရားဝင်ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၁၂)ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏သီးသန့်အစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့တွင် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြရာ အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

သတင်းစဉ်

ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာဆောင်ရွက်ချက် ဖိုရမ်၏ ပထမအကြိမ် အဆင့်မြင့်ညီလာခံနှင့် ၂၀၂၃ ခုနှစ် အဏ္ဏဝါစီးပွားရေး၏ အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၅**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (China International Development Cooperation Agency – CIDCA) ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ပထမအကြိမ် အဆင့်မြင့်ညီလာခံနှင့် ရှမန်မြို့၌ ကျင်းပသည့် "၂၀၂၃ ခုနှစ် အဏ္ဏဝါစီးပွားရေး၏ အရည်အသွေးမြင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ခဲ့သည်။

အဆိုပါ ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ပထမအကြိမ် အဆင့်မြင့်ညီလာခံသို့ တက်ရောက်လာကြသည့် နိုင်ငံအသီးသီးမှ အဆင့်မြင့် ကိုယ်စားလှယ်များနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ Mr. Han Zheng အား တွေ့ဆုံခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်မည့် ကမ္ဘာ့ဖွံ့ဖြိုးမှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု မျှဝေရေးဆိုင်ရာလုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ၁၉၈၀ ပြည့်နှစ်က စတင်ခဲ့သည့် အထူးစီးပွားရေးဇုန် လေးခုတွင် တစ်ခုအပါအဝင်ဖြစ်သည့် ရှမန်မြို့ရှိ BRICS



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိစဉ်။

အဖွဲ့၏ ခေတ်သစ်စက်မှုတော်လှန်ပုံစံ ပြောင်းလဲရေး ဗဟိုဌာန (BRICS Partnership on New Industrial Revolution Innovation Center) ပြခန်းသို့ သွားရောက်လေ့လာခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရှမန်မြို့ရှိ Xiamen International Conference Center Hotel တွင် ကျင်းပသည့် ၂၀၂၃ ခုနှစ် အဏ္ဏဝါစီးပွားရေး၏ အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲ (2023 Seminar on High–Quality Development of Marine Economy) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားခဲ့ပြီး ရှမန်မြို့တော်ဝန် Mr. Huang Wenhui၊ တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) ၏ ဒုတိယဥက္ကဋ္ဌ Mr. ZHONG Haidong နှင့် ရှမန်ဒုတိယမြို့တော်ဝန် Mr. Zhuang Rongliang တို့နှင့်အတူ Seminar ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရှမန်မြို့ရှိ KING LONG လူစီးဘတ်စ်ကားနှင့် လျှပ်စစ်ဘတ်စ်ကား မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်လေ့လာခဲ့ပြီး ထုတ်လုပ်မှု၊ မြန်မာနိုင်ငံသို့ တင်ပို့ရောင်းချမှုအခြေအနေနှင့် ရင်းနှီးမြှုပ်နှံမှု အလားအလာများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့သည်။

ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် UNESCO စာရင်းဝင် Kulangsu ကျွန်းသို့ သွားရောက်ပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရာ ဒေသနှင့်ပြတိုက်များကို ကြည့်ရှုလေ့လာပြီး မွန်းလွဲပိုင်းတွင် KELONG လျှပ်စစ်သုံးပစ္စည်း ကိရိယာများ ထုတ်လုပ်မှုကုမ္ပဏီ၏ UPS ကြီးများ ထုတ်လုပ်မှု၊ ဒေတာစင်တာ (Data Center) သုံးပစ္စည်းများနှင့် လျှပ်စစ်ကားအားသွင်းစက် (EV Charger) များ ထုတ်လုပ်သော စက်ရုံသို့ သွားရောက်လေ့လာကာ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အလားအလာများကို ဆွေးနွေးပြီး ညနေပိုင်းတွင် ရှမန်မြို့ရှိ တရုတ်ဗုဒ္ဓဘာသာကောလိပ်သို့ သွားရောက်လေ့လာသည်။

ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရှမန်မြို့ Bio Medical Research နှင့် Xiamen Cardiovascular Hospital Xiamen University ရှိနှလုံးရောဂါနှင့်နှလုံးသွေးကြောရောဂါကုဌာနသို့ သွားရောက်လေ့လာ၍ ဆေးပညာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၊ ကျန်းမာရေးဝန်ဆောင်မှု၊ ပညာသင်ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှမန်မြို့မှ Xiamen လေကြောင်းလိုင်းဖြင့် မြန်မာနိုင်ငံသို့ ယနေ့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံမှူးကြီး Ms. Cao Jing တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားမှု၊ ဓာတ်အားခကောက်ခံရရှိမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ အလွဲသုံးစားမှုများ မဖြစ်ပေါ်စေရေးတို့နှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

မန္တလေး တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားမှု၊ ဓာတ်အားခ ကောက်ခံရရှိမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ အလွဲသုံးစားမှုများ မဖြစ်ပေါ်စေရေးတို့နှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ် လျှပ်စစ်မန်နေဂျာ/လျှပ်စစ်အင်ဂျင်နီယာများ၊ ဘဏ္ဍာရေးတာဝန်ခံများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်တို့က မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားရရှိမှု၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုနှင့် လျှော့နည်းအောင် ဆောင်ရွက်ထားမှု၊ ခရိုင်/မြို့နယ်များအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးထားမှု၊ ဓာတ်အားသုံးစွဲမှုနှင့် ဓာတ်အားခွဲဝေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ခရိုင်ဘဏ္ဍာရေး တာဝန်ခံများက ခရိုင်အလိုက် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများ၏ ဓာတ်အားရရှိ၊ ဖြန့်ဖြူးပေးထားမှုနှင့် ဓာတ်အားခတောင်းခံ၊ ရရှိ၊ ကြွေးကျန်ဆိုင်ရာ အချက်အလက်များနှင့် ဓာတ်အားခ ကြွေးကျန်များကို ရာနှုန်းပြည့် ကောက်ခံရရှိရေး ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က ဓာတ်အားခငွေများသည် နိုင်ငံတော်၏ ရန်ပုံငွေများဖြစ်၍ ဘဏ္ဍာရေး စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် အဆင့်ဆင့် အမြဲမပြတ် စစ်ဆေးကြပ်မတ်နေရန် လိုအပ်ကြောင်း၊ ကြွေးကျန်များကိုလည်း ရာနှုန်းပြည့်ရရှိအောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဘဏ္ဍာငွေ သုံးစွဲရာတွင်လည်း စိစစ်ခြိုးခြံချွေတာ၍ သုံးစွဲရန် လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် ပြည်သူကို ဝန်ဆောင်မှုပေးနေသော ဌာနဖြစ်သည့်အတွက် လုပ်ဆောင်မှုများတွင် စိတ်စေတနာကောင်းနှင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများ၏ အခက်အခဲများကို တာဝန်ရှိသူများက အဆင့်ဆင့် ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန တံခွန်တိုင်ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံမှ ဓာတ်အား လက်ခံပို့လွှတ်ဖြန့်ဖြူးပေးနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးညိုမြို့နယ်၌ အခြေခံစားသောက်ကုန်များအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**မိုးညို ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်မှု၊ မိုးညိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏စီစဉ်ဆောင်ရွက်မှုဖြင့် အခြေခံစားသောက်ကုန်များဖြစ်သည့် သား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များအား သက်သာသောနှုန်းထားဖြင့် မိုးညိုမြို့နယ် စည်ပင်သာယာဈေးအနီးတွင် ထုတ်လုပ်သူများကိုယ်တိုင် နေ့စဉ်တိုက်ရိုက်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါရောင်းချပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းသိဒ္ဓိနှင့်အဖွဲ့ဝင်များကကြီးကြပ်၍ ဌာနဆိုင်ရာများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကိုယ်တိုင်စိုက်ပျိုး/မွေးမြူသူများက ဆန်တစ်ပြည်ကျပ် ၂၅၀၀၊ ဆီတစ်ပိဿာ ကျပ် ၇၀၀၀၊ ကြက်သားတစ်ပိဿာ ကျပ် ၁၀၀၀၀၊ ငါးတစ်ပိဿာ ကျပ် ၆၀၀၀၊ ကြက်ဥတစ်လုံး ကျပ် ၂၃၀ နှင့် ဟင်းသီးဟင်းရွက်များကို သက်သာသောနှုန်းထားများဖြင့် တိုက်ရိုက်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

# သုံးခွမြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြော

**သုံးခွ ဇူလိုင် ၁၅**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ကျောင်းသား ကျောင်းသူများ လျှပ်စစ်အန္တရာယ် ကြိုတင်ကာကွယ်နိုင်စေရန်ရည်ရွယ်၍ လျှပ်စစ်မန်နေဂျာရုံးမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက အထက (၂) ကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ အထက (၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေဝင်းက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးထက်နိုင်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆွေးနွေးဟောပြောသည်။

ဟောပြောပွဲအပြီးတွင် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ် သတိပေးစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**

☆ စာမျက်နှာ ၆ မှ
(၁၃၀၄ ခု ဝါခေါင်လပြည့်ကျော် ၁၂ ရက် တနင်္လာနေ့) ညနေ ၅ နာရီတွင် ရန်ကုန်မြို့၊ မင်တိုမင်ရှင်ဟိုတယ်(Nippon Military Club)တွင် မင်္ဂလာထမင်းစားပွဲ ပြုလုပ်ခဲ့ပါသည်။ ၁၉၄၃ ဇွန် ၁၃ ရက်တွင် သားဦး အောင်ဆန်းဦးကို မွေးဖွားသည်။ ၁၉၄၄ မေ ၁၀ ရက်တွင် ဒုတိယသား အောင်ဆန်းလင်းကို မွေးဖွားသည်။ ၁၉၄၅ ဇွန် ၁၉ ရက်တွင် သမီးအောင်ဆန်းစုကြည်ကို မွေးဖွားသည်။ ၁၉၄၆ စက်တင်ဘာ ၂၂ ရက်တွင် သမီးထွေးလေး မွေးဖွားသော်လည်း ၅ ရက်သမီးဘဝနှင့် ကွယ်လွန်ခဲ့ရှာသည်။

ၓင်းမှတစ်ဆင့် ဗိုလ်ချုပ်နေအိမ်၏ ဧည့်ခန်းသို့ ရောက်ရှိရာ ပန်းချီဆရာကြီး ဦးငွေကိုင်ရေးဆွဲခဲ့သည့် အလျား ၃၂၇ စင်တီ၊ အနံ ၂၄၃ စင်တီရှိသည့် ဗိုလ်ချုပ်အောင်ဆန်း စိုက်ပျိုးရေး ပြုလုပ်နေဟန် "အိမ်နောက်ဖေး ဈေးဆိုင်တည်" ဆီဆေးပန်းချီကားကြီးကို လှပခံ့ညားစွာ ပြသထားပြီး ဧည့်ခန်း၏ ညာဘက်ထောင့်တွင် ဗိုလ်ချုပ်ကိုယ်တစ်ပိုင်းပုံ ပလာစတာရုပ်တုကို ပြသထားပါသည်။ ထို့ပြင် အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုရန် လန်ဒန်သို့ သွားရောက်ရာတွင် အိန္ဒိယနိုင်ငံသို့ ဝင်ရောက်၍ နိုင်ငံရေးကိစ္စများဆွေးနွေးစဉ် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် ဂျဝါဟာလ်လာ မစ္စတာနေရူးက ဗိုလ်ချုပ်အောင်ဆန်းအား ၅.၁.၁၉၄၇ ရက်နေ့တွင် လက်ဆောင်ပေးအပ်ခဲ့သော သက္ကလပ်လောင်းကုတ်အင်္ကျီကို မတ်ရပ်မှန်ဗီရိုအတွင်း ပြသထားပြီး၊ ၎င်းကုတ်အင်္ကျီပေါ်ရှိ ကြယ်သီးတွင် အိန္ဒိယဆေးပညာဆိုင်ရာ ဌာနအမည်နှင့် စာလုံးအမှတ်အသားပါရှိသည်ကို တွေ့ရှိပါသည်။

ဧည့်ခန်းအဝင်တွင် အထပ်သားပေါ် ရေးဆွဲထားသည့် လောင်းကုတ်ဝတ်ဆင်ထားသည့် ဗိုလ်ချုပ်အောင်ဆန်းပုံတူ မတ်ရပ်ပန်းချီကားကို ပြသထားကာ ၎င်းပန်းချီကားအောက်ခြေတွင် မန္တလေးမြို့ ရွှေတံဆိပ်တော်ရ ပန်းချီဆရာကြီး ဦးစောမောင်၏ တပည့်ရင်း မောင်ခမ်းလွန်း/မြင့်ညွှန့် ပန်းချီအင်းစိန်ဟု ပါရှိပါသည်။ ၎င်းပန်းချီကား နောက်ခံထားကာ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်၊ သားဦး အောင်ဆန်းဦး၊ သားလတ် အောင်ဆန်းလင်းတို့ ရိုက်ထားသော မိသားစုဓာတ်ပုံတို့ကိုပြသထားပြီး ဧည့်ခန်းအလယ်၌ မူရင်းပက်လက်ကုလားထိုင်တွင် ဗိုလ်ချုပ်ထိုင်ကာ စာဖတ်နေဟန် ဆီလီကွန်ရုပ်တုကို ဗိုလ်ချုပ်အပန်းဖြေစဉ် အသုံးပြုသော နှစ်ဆင့်ပါ စာအုပ်တင်ခုံနှင့် ပူးတွဲပြသထားပါသည်။ ထို့ပြင် ဗိုလ်ချုပ် အသုံးပြုခဲ့သော စားပွဲနှင့် ထိုင်ခုံ ဆက်တီများ၊ တင်ခုံပေါ်တွင် ဗိုလ်ချုပ် နားထောင်ခဲ့သည့် (Philip) အမျိုးအစား ရေဒီယိုနှင့် ဗိုလ်ချုပ်အိမ်ဧည့်ခန်းတွင် အသုံးပြုခဲ့သော ကြေးပန်းအိုးကြီးများကို ပုံစံမပျက်ပြသထားပါသည်။ ဧည့်ခန်းမှ အထွက် လှေကား၏ဘေးတွင် ဗိုလ်ချုပ်အောင်ဆန်းဖိနပ်ထိုင်စီးရာတွင် အသုံးပြုခဲ့သည့် ကုလားထိုင်ကိုလည်း ပြသထားပါသည်။

ဧည့်ခန်းမှထွက်ပြီး အပေါ်ထပ်သို့ လှေကားမှ ဆက်လက်တက်လာရာတွင် လှေကားထိပ် ဘယ်ဘက်တွင် ဗိုလ်ချုပ် ဇနီးမောင်နှံအိပ်ခန်းသို့ ရောက်ရှိပါသည်။ အိပ်ခန်းအတွင်းတွင် ဗိုလ်ချုပ်တို့ ဇနီးမောင်နှံနှင့် အောင်ဆန်းဦး ဓာတ်ပုံ၊


ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်ရှိ အထူးအစည်းအဝေးခန်း။

ဗိုလ်ချုပ်တို့ ဇနီးမောင်နှံဓာတ်ပုံများအား ချိတ်ဆွဲပြသထားပါသည်။

၎င်းမှ ဆက်လက်လေ့လာပါက အခန်းထောင့်တွင် အပေါ်ထပ်ဘုရားဆောင်သို့တက်သည့်လှေကားရှိပါသည်။ ဗိုလ်ချုပ်ပြတိုက်၏ သက်တမ်းသည် နှစ်ပေါင်း ရာကျော်နေပြီဖြစ်သဖြင့် ပြတိုက်ရေရှည် တည်တံ့စေရန်နှင့် ပြတိုက်၏ ကြံ့ခိုင်မှုအတွက် ဘုရားဆောင်ပေါ်သို့ အများပြည်သူတို့ တက်ရောက်ခွင့်မပြုနိုင်ပါသဖြင့် ၎င်းလှေကားဘေးရှိ ဘုတ်ပြားပေါ်တွင် ဗိုလ်ချုပ်နတ်မောက်မြို့၌ နေထိုင်ခဲ့စဉ်က ကိုးကွယ်ခဲ့သော ဗုဒ္ဓဆင်းတုတော်ပုံ၊ ဗိုလ်ချုပ်၏ ဘုရားဆောင်မှ ဘုရားစင်ပုံ၊ ဘုရားဆောင် ပြတင်းပေါက်မှ ဖူးမြင်ရသော ရွှေကြက်ယက်ဘုရားရှုခင်းပုံနှင့် ရွှေတိဂုံဘုရားရှုခင်းပုံများအား ကြည်ညိုဖွယ်ပြသထားပါသည်။

၎င်းနှင့်ကပ်၍ မှန်တင်ခုံတစ်ခုကို တွေ့ရပါသည်။ အခန်း၏ထောင့်တွင် ကျွန်းသားနှင့်ပြုလုပ်ထားသောလေးဆင့် မှန်ဗီရိုတစ်လုံးထဲတွင် ဗိုလ်ချုပ်ဝတ်ဆင်အသုံးပြုခဲ့သော အဝတ်အစား၊ စစ်ယူနီဖောင်း၊ အသုံးအဆောင်ပစ္စည်းများကို ခင်းကျင်းပြသထားပါသည်။ နံရံဘေး ဗီရိုကြီးထဲတွင် ဗိုလ်ချုပ် နိုင်ငံ့လွတ်လပ်ရေးကြိုးပမ်းစဉ် အရေးပေါ် ခရီးထွက်သည့်အခါ အဆင်သင့်ယူဆောင်သည့် သားရေသေတ္တာနှင့် ၎င်းသားရေသေတ္တာထဲတွင် ထည့်ထားသည့် အောက်ခံစွပ်ကျယ်များ၊ စောင်နှင့်အဝတ်အစားများ၊ စစ်ယူနီဖောင်း၊ စပို့ရှပ်၊ ပိုးရှပ်အင်္ကျီ၊ ပိုးပုဆိုး၊ ရှပ်အင်္ကျီ၊ ပုဆိုး၊ လက်ကိုင်ပဝါများ၊ တိုက်ပုံအင်္ကျီ၊ စစ်ယူနီဖောင်းနှင့် အောက်ခံဘောင်းဘီများကို ပြသထားပါသည်။ အိပ်ခန်း၏အလယ်တွင် ဗိုလ်ချုပ်တို့ ဇနီးမောင်နှံအိပ်သော ကျွန်းခုတင်နှင့် မွေ့ရာ၊ ခေါင်းအုံးနှစ်လုံး၊ ခြင်ထောင်တို့အား ပုံစံမပျက် ခင်းကျင်းပြသထားပြီး ခုတင်ခြေရင်းတွင် အဝတ်လှန်းစင်တစ်ခုကို တွေ့ရပါသည်။

အိပ်ခန်းမှတစ်ဆင့် စာကြည့်ခန်းသို့ ဆက်လက်လေ့လာလျှင် ဝင်ပေါက်ညာဘက်ဘေးတွင် ဗီရိုအလွတ် တစ်လုံးရှိ၍ ဘယ်ဘက်ဘေးတွင် မတ်ရပ်ဗီရိုကြီး တစ်လုံးရှိပါသည်။ ညာဘက်ဗီရို၏ အပေါ်နံရံတွင် ဆေးလိပ်သောက်ရန် မီးညှိနေသော ဗိုလ်ချုပ်၏ ဓာတ်ပုံကို ပြသထားပါသည်။ ၎င်းဓာတ်ပုံ၏ အောက်ဘက်တွင် ဗိုလ်ချုပ်စာရေးသော စာရေးစားပွဲခုံနှင့် ထိုင်ခုံတစ်လုံးစီ ခင်းကျင်းပြသထားရာ စားပွဲခုံကြီး၏ ဘေးတစ်ဖက်စီတွင် စာအုပ်တင်စင် အလွတ်တစ်လုံးစီရှိပါသည်။ စားပွဲခုံ၏ ရှေ့တွင်လည်း ထိုင်ခုံနှစ်လုံး ချထားပါသည်။

စာကြည့်စားပွဲခုံ၏ ဘေးနံရံတွင် အဆင့်လေးဆင့်ပါရှိသော စာအုပ်ဗီရိုကြီးထဲ၌ စွယ်စုံကျမ်းများ၊ စစ်သမိုင်းများ၊ ဘောဂဗေဒကျမ်းများ စသည်ဖြင့် အင်္ဂလိပ်ဘာသာ ၂၃၉ အုပ်၊ မြန်မာဘာသာနှစ်အုပ် စုစုပေါင်း ပြတိုက်စာရင်းအရ ဗိုလ်ချုပ်ဖတ်ရှုလေ့လာခဲ့သော စာအုပ် ၂၄၁ အုပ်အား ပြသထားပြီး အပေါ်ဘက်နံရံတွင် စာအုပ်စာရင်းအား အင်္ဂလိပ်ဘာသာနှင့် အကန့်(၇)ခုခွဲ၍ ပြသထားပါသည်။

ဆက်လက်လေ့လာသော် ကလေးများအိပ်ခန်းတွင် ဗိုလ်ချုပ်မိသားစုဓာတ်ပုံများကို ချိတ်ဆွဲထားပြီး နံရံ၏ ထောင့်တွင် ကိုယ်လုံးပေါ်မှန်၊ အဝတ်လှန်းစင်တစ်ခု၊ အောင်ဆန်းလင်း အဝတ်အစားများထည့်ထားသော ဗီရိုတစ်လုံး ရှိပါသည်။ ထို့နောက် စိန့်ပေါလ်ကျောင်းတွင် ဒုတိယတန်းတက်နေသည့် အောင်ဆန်းလင်း၏ စာအုပ်များ၊ ကစားစရာကတ်လေးများ၊ ရေနစ်သေဆုံးသည့် ၁၆.၁.၁၉၅၃ ရက်နေ့တွင် စာသင်ကြားခဲ့သည့်လက်ရေးမူကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် မှန်ဗီရိုဖြင့် ထည့်သွင်းပြသထားပါသည်။ ၎င်းအိပ်ခန်းအလယ်တွင် အောင်ဆန်းဦး၊ အောင်ဆန်းလင်း၊ အောင်ဆန်းစုကြည်တို့ အိပ်သည့် ခုတင်သုံးလုံးကို မွေ့ရာ၊ ခေါင်းအုံး၊ ခြင်ထောင်များဖြင့် ခင်းကျင်းပြသထားပါသည်။

ကလေးများ၏ အိပ်ခန်းမှထွက်လျှင် အထူးအစည်းအဝေးခန်းသို့ ရောက်ရှိပါသည်။ အစည်းအဝေးခန်းမတွင် လက်တင်ကျောမှီ ပက်လက်ထိုင်ခုံနှင့် စာအုပ်တင်ခုံတစ်လုံးရှိပြီး အလယ်တွင် စားပွဲဝိုင်းနှင့် ထိုင်ခုံလေးလုံးကို ခင်းကျင်းထားပြီး စားပွဲဝိုင်း၏ အနောက်ဘက်နံရံပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်များကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ရေးသားဖော်ပြထားပါသည်။

ကလေးများအိပ်ခန်း၊ စာကြည့်ခန်း၊ အထူးအစည်းအဝေးခန်းတို့တွင် သန့်စင်ခန်း၊ ရေချိုးခန်းတွဲလျက်ပါရှိပါသည်။ ချက်ပြုတ်ရန် မီးဖိုဆောင်ကို အောက်ထပ် အိမ်မကြီး၏ မြောက်ဘက်တွင် ဆောက်လုပ်ထားပါသည်။

နောက်ဆုံးပြကွက်အနေဖြင့် နေအိမ်၏အနောက်ဘက် ပတ်လမ်းအတိုင်း ဆက်လျှောက်ပါက စိုက်ပျိုးရေးပြုလုပ်နေဟန် ဗိုလ်ချုပ်ရုပ်တုနှင့် သီးပင်စားပင်များ ဝေဆာနေသော ဗိုလ်ချုပ်စိုက်ခင်းကို တွေ့ရမည်ဖြစ်ပါသည်။ စိုက်ခင်းဘေးပတ်လမ်းအတိုင်း ကြည့်ပါက ဗိုလ်ချုပ်၏ ဒုတိယသား အောင်ဆန်း



ထမင်းစားခန်းတွင် ခင်းကျင်းပြသထားသည်များကို တွေ့ရစဉ်။

လင်း ရေနစ်ကွယ်လွန်ခဲ့သော ရေကန်အား တွေ့ရှိရပါမည်။ ၎င်းရေကန်ရှေ့တွင် ၁၉၅၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဒုတိယသား အောင်ဆန်းလင်း ရေနစ်၍ ကွယ်လွန်ခဲ့သည့် ရေကန်ဟု ရှင်းလင်းဖော်ပြထားသည့် ဆိုင်းဘုတ်ကို တွေ့ရမည်ဖြစ်ပြီး ၎င်းရေကန်ကို နောက်ဆုံးကြည့်ရှုပြီးလျှင် ပြတိုက်ထွက်ပေါက်သို့ ရောက်ရှိမည်ဖြစ်ပေသည်။

ဗိုလ်ချုပ် အသက်ရှင်စဉ်ကာလ ဤအိမ်ကြီးတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအတွက် သမိုင်းဝင် အရေးကြီးသည့် အောက်ပါအစည်းအဝေးများ ကျင်းပခဲ့ကြောင်း မြန်မာ့ရာဇဝင်သမိုင်းတွင် လေ့လာရပေသည်။

(က) ၁၉၄၅ မတ်လ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ ရန်ကုန်မြို့ပတ်လမ်း (ယခု ဗိုလ်ချုပ်ပြတိုက်လမ်း) ဗိုလ်ချုပ်အောင်ဆန်းနေအိမ်တွင် ဖက်ဆစ်တိုက်ဖျက်ရေးနှင့် ပြည်သူ့အဖွဲ့ချုပ်ခေါင်းဆောင်များ အစည်းအဝေး ကျင်းပသည်။

(ခ) ၁၉၄၅ မတ်လ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့ပတ်လမ်း (ယခုဗိုလ်ချုပ်ပြတိုက်လမ်း) ဗိုလ်ချုပ်အောင်ဆန်း နေအိမ်တွင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ ဦးဗဆွေ၊ ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မှူးကြီးဇေယျ၊ သခင်ချစ်နှင့် အခြားတပ်မှူး ၃-၄ ဦးတို့ ဆွေးနွေးကြသည်။ ၁၉၄၅ မတ်လ ၂၅ ရက်နေ့ ည(၁၉:၃၀) နာရီတိတိတွင် ဖက်ဆစ်ဂျပန်တို့ကို တစ်ပြိုင်နက်တည်း တော်လှန်တိုက်ခိုက်ကြမည်ဟု သတ်မှတ်သည်။

(ဂ) ၁၉၄၅ မတ်လ ၁၈ ရက်နေ့တွင် ရန်ကုန်မြို့ပတ်လမ်း (ယခုဗိုလ်ချုပ်ပြတိုက်လမ်း)ဗိုလ်ချုပ်အောင်ဆန်း နေအိမ်တွင် တော်လှန်ရေးနေ့ကို ဧပြီလ ၂ ရက်သို့ ပြောင်းလဲသတ်မှတ်သည်။

(ဃ) ၁၉၄၅ ဇူလိုင်လ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့ပတ်လမ်း (ယခုဗိုလ်ချုပ်ပြတိုက်လမ်း)ဗိုလ်ချုပ်အောင်ဆန်း နေအိမ်၌ မြန်မာသတင်းစာဆရာများနှင့် စာရေးဆရာများအား လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံသည်။

(င) ၁၉၄၅ ဩဂုတ်လ ၁၀ ရက်နေ့မှ ၁၂ ရက်နေ့အထိ ရန်ကုန်မြို့ပတ်လမ်း (ယခုဗိုလ်ချုပ် ပြတိုက်လမ်း) ဗိုလ်ချုပ်အောင်ဆန်း နေအိမ်၌ ဗမာ့တပ်မတော် ခေါင်းဆောင်အရာရှိကြီးများ အစည်းအဝေးကျင်းပပြီး "တိုင်းပြည်အတွက် ကြေညာစာတမ်း"နှင့် "ဗမာ့တပ်မတော်၏ နောင်ရေးအတွက် ဆုံးဖြတ်ချက်များ"ကို ရေးဆွဲချမှတ်သည်။

(စ) ၁၉၄၆ စက်တင်ဘာလ ၁၈ ရက်နေ့တွင် မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဘတ်ရန့်စ်က ဗိုလ်ချုပ်အောင်ဆန်း၏အိမ်သို့ လာရောက်တွေ့ဆုံဆွေးနွေးသည်။

(ဆ) ၁၉၄၆ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့ပတ်လမ်း (ယခု ဗိုလ်ချုပ်ပြတိုက်လမ်း) ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ မြန်မာသတင်းစာဆရာများနှင့် အစည်းအဝေးကျင်းပသည်။

အချုပ်အားဖြင့်ဆိုရသော် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဗိသုကာကြီး နေထိုင်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ကို ကြည့်ရှုလေ့လာခြင်းဖြင့် ဤအိမ်ကြီးတွင် ဗိုလ်ချုပ်အောင်ဆန်း မြန်မာ့လွတ်လပ်ရေးအတွက် အရေးကြီးသည့် အစည်းအဝေးများ ပြုလုပ်နေပုံကို ပြန်လည်မြင်ယောင်ကာ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား လေးစားကြည်ညိုစွာ လွမ်းဆွတ်မိရင်း ဗိုလ်ချုပ်၏ နိုင်ငံ့အတွက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ချက်များကို နောင်လာနောက်သားများ မမေ့မလျော့ သတိတရရှိနေစေရန်၊ ဗိုလ်ချုပ်၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များကို အတုယူစေရန်၊ အနာဂတ်မျိုးဆက်သစ်များသည်လည်း မြန်မာ့လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုစိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ဖြစ်ပေါ်လာစေရန် ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်အားလာရောက် လေ့လာသင့်ပါကြောင်း ရေးသားတိုက်တွန်းအပ်ပါသည်။

**ကိုးကား -**
၁။ မြန်မာ့ရာဇဝင်သမိုင်း၊ (အကြိုသမိုင်းကာလမှ ၁၉၄၅ အထိ) (ပထမတွဲ)
၂။ မြန်မာ့ရာဇဝင်သမိုင်း၊ (၁၉၄၅-၄၈) (ဒုတိယတွဲ)
၃။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ ပြတိုက်မှူး ဘဝလေ့လာချက်များ
၄။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ ပြတိုက်မှူးဦးလှငွေ၏ မှတ်တမ်းမှတ်ရာများ
၅။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ထုတ်ဝေသော မြန်မာ့လွတ်လပ်ရေး ဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း(၂၀၂၀)

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ရခိုင်ပြည်နယ်အတွင်း အထူးကုဆရာဝန်ကြီးများပါဝင်သည့် ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ကြည့်ရှုအားပေး

**စစ်တွေ ဇူလိုင် ၁၅**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်ပြီးနောက် ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား စစ်တွေတပ်နယ်၌ တွေ့ဆုံကာ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်ပြီးနောက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပါဝင်ကူညီခဲ့ကြပြီး မိမိတို့ဒေသများ၌ မူလတာဝန်များကို ပြန်လည်ထမ်းဆောင်ရန် စစ်တွေမြို့မှ ပြန်လည်ထွက်ခွာကြမည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား စစ်တွေတပ်နယ်၌ တွေ့ဆုံကာ ဂုဏ်ပြုအားပေးစကားပြောကြားကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများက တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆရာဝန်ကြီးများက မုန်တိုင်းဒဏ်သင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုနှင့် ဆေးကုသမှုခံယူနေကြသူများကို သွားရောက်တွေ့ဆုံကာ အားပေးစကားပြောကြားကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အထူးကုဆရာဝန်ကြီးများအဖွဲ့နှင့် ဆေးကုသမှုခံယူလျက်ရှိသည့် ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကြသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ကျရောက်ခဲ့သည့် ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်အတွင်းရှိ ဆေးရုံများမှ အထူးကုဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအပြင် အထွေထွေရောဂါကုသမားတော်၊ ခွဲစိတ်အထူးကု၊ အရိုးအထူးကု၊ ကလေးအထူးကုဆရာဝန်များပါဝင်သော အထူးကုဆေးအဖွဲ့များစေလွှတ်၍ ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျန်းမာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ရန်ကုန်မြို့မှ နှလုံးရောဂါ၊ ဦးနှောက်နှင့် အာရုံကြောရောဂါ၊ အရိုး၊ အကြော၊ အဆစ်ရောဂါ၊ အစာအိမ်နှင့်အူလမ်းကြောင်းရောဂါ၊ အသည်းရောဂါ၊ သွေးရောဂါ၊ အရေပြားရောဂါ၊ အထွေထွေရောဂါ ခွဲစိတ်အထူးကု၊ အထွေထွေရောဂါ အထူးကုဆရာဝန်ကြီးများ၊ စစ်တွေဆေးရုံကြီး၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် အထူးကုဆရာဝန်ကြီးများ၊ ဒေသခံအငြိမ်းစား အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆရာဝန်ကြီးများက စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ နှစ်ရက်ကြာ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၅**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော် အရာရှိကြီးများကို ခန့်အပ် တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကျောက်ဖြူပညာရေးဒီဂရီကောလိပ်နှင့် ဂုံးချွိန်ကျေးရွာအုပ်စုရှိ ရှေးဟောင်းသမိုင်းဝင်ကျောက်တစ်လုံး ဘုရားတို့၌ နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးနေမှုများကိုသွားရောက်ကြည့်ရှုအားပေးပြီး ကျောက်တစ်လုံး မဟာဗောဓိ တပ်ဦးကျောင်း ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ပညာဘာသအား ဖူးမြော်ကြည်ညို၍ စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။



အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဘူးသီးတောင်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း/အပြင်၌ နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး ဆေးရုံဝင်းအတွင်း၌ ဆောက်လုပ်ထားရှိသည့် အောက်ဆီဂျင်စက်ရုံသို့သွားရောက်ကြည့်ရှုရာ စက်ရုံလည်ပတ်နေမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ချင်းပြည်နယ် ပလက်ဝမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်နေဝင်းအောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး သဇင်ခန်းမ၌ ပြုလုပ်သော ပလက်ဝ-ဇိုရမ်ပူ လမ်းစီမံကိန်း ကုမ္ပဏီအဖွဲ့များမှ ထောက်ပံ့သည့် ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်ပွဲသို့တက်ရောက်အမှာစကား ပြောကြားသည်။ ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလက်မှုအထက်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းသားများ စာသင်ကြားနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ စစ်တွေမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်ကျော်မိုးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြန်လည်ထူထောင်ရေးကိစ္စရပ်များနှင့် မြို့သန့်ရှင်းသာယာလှပရေးတို့ အတွက် ဆွေးနွေးကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကျောက်တော်မြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်သူဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကစ္ဆပနဒီခန်းမ၌ ပြုလုပ်သည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများအား ပညာရည်ချွန် ဆုပေးပွဲသို့ တက်ရောက်၍ ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

အလားတူ ရမ်းဗြဲမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ဇော်မင်းအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ နယ်မြေခံ တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်နေသည့် လူနာများအတွက် တစ်နေ့တာအာဟာရ အလှူငွေများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အတူ မောင်တောမြို့၌ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ်တင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သော ကျေးရွာများ၌ မျိုးစပါး အချိန်မီစိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ကညင်တန်းရပ်ကွက်ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးအတွင်းရှိ ထောက်ပံ့ပစ္စည်းများ သိုလှောင်ရုံအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ထောက်ပံ့ပစ္စည်းများနှင့်ပတ်သက်၍ လိုအပ်သည်များမှာကြားကာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြို့နယ်သစ်တောဦးစီးဌာနမှ နတ်မြစ်အနီး ကမ်းနားလမ်းတစ်လျှောက် ဒီရေတောများ ပိုမိုများပြားလာစေရန်နှင့် လေဒဏ်၊ လှိုင်းဒဏ် ပိုမိုကာကွယ်နိုင်စေရန် တက်ချောင်းနှင့် နတ်မြစ်ဝဆုံရာ ကမ်းနားလမ်း တစ်လျှောက်၌ သမဲ့၊ သမဲ့ကြီးနှင့် သမဲ့ကြက်တက်ပင်များ စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အင်းစိန်မြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီက အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝဇီရသာသနဗိမာန်တော်ဝင်း အတွင်းရှိ အဆိုပါ သာသနဗိမာန်တော်ကြီးရှေ့၌ စုပေါင်းစိုက်ပျိုးကြသည်။

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် အင်းစိန်မြို့နယ် သံဃနာယကဥက္ကဋ္ဌဆရာတော်နှင့် သံဃနာယကအဖွဲ့ဝင်ဆရာတော်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မူယာအုန်းနှင့် အဖွဲ့ဝင်များ၊ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီး) ဘုရားဂေါပကအဖွဲ့များနှင့် တာဝန်ရှိသူများက စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင် သာယာလှပစေရေးအတွက် သပြေ၊ ချယ်ရီ၊ တည်၊ ကံ့ကော်၊ ခရေ စုစုပေါင်း အပင်ကြီး ၇၅ ပင်ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# ကရင်ပြည်နယ်အတွင်း မျိုးကောင်းမျိုးသန့်လှမ်းခြုံစိုက်ပျိုးနိုင်ရန် မျိုးစေ့ထုတ်စိုက်ခင်းဧက ၁၀၀၀ စိုက်ပျိုး

**ဘားအံ ဇူလိုင် ၁၅**

စားရေရိက္ခာဖူလုံရေး၊ ပြည်တွင်းစီးပွားမြှင့်တင်နိုင်ရေးအတွက် လယ်ယာထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန် အထွက်ကောင်း မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးကြရန်လိုပြီး မျိုးကောင်းမျိုးသန့်လှမ်းခြုံစိုက်ပျိုးနိုင်ရန် မျိုးစေ့ထုတ် စိုက်ခင်းဧက ၁၀၀၀ ခန့်ကို ပြည်နယ်အတွင်း စိုက်ပျိုးလျက်ရှိကြောင်း ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီက ဘားအံမြို့နယ် လှိုင်ကမ္ဘာကျေးရွာအုပ်စု ကော့နန်းသာကျေးရွာ ဦးပိုင်အမှတ်-၂၄၄၊ ကွင်းအမှတ်-၁၁၉၂(က)ရေတံခွန်ကွင်းရှိ တောင်သူဦးဟုတ်ရှိန်၏ လယ်ငါးဧကေ၌ ကျင်းပသည့် ဆင်းသုခမျိုးစေ့ထုတ်စိုက်ခင်း စုပေါင်းစိုက်ပျိုးပွဲနှင့်မြေဩဇာထောက်ပံ့ပေးအပ်ပွဲမှ သိရသည်။

စုပေါင်းစိုက်ပျိုးပွဲနှင့်မြေဩဇာထောက်ပံ့ပေးအပ်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်အတွင်း မိုးစပါးဧက ၄၃၀၄၆၇ စိုက်ပျိုးရန်လျာထားရာ ဘားအံမြို့နယ်၌ ဧက ၁၁၀၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်သည့်အတွက် အရေးကြီးသည့်မြို့နယ်တွင် လျာထားချက်ပြည့်မီကျော်လွန်အောင် အချိန်မီထွန်ယက်စိုက်ပျိုးရန်လိုကြောင်း၊ သီးနှံအထွက်နှုန်းကောင်းစေရန် လိုအပ်သည့် သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာများကို ထောက်ပံ့ပေးမည်ဖြစ်ပြီး မျိုးကောင်းမျိုးသန့်များ ကျယ်ကျယ်ပြန့်ပြန့်လှမ်းခြုံစိုက်ပျိုးနိုင်ရေးအတွက် ကျေးရွာတိုင်း မျိုးစေ့ထုတ်စိုက်ခင်းများထူထောင်ကြရန်၊ သီးနှံအထွက်နှုန်းတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက လှိုင်ကမ္ဘာ၊ ကော့ထမလိန်း၊ တော်ပုံကျေးရွာအုပ်စုများမှ မျိုးစေ့ထုတ်တောင်သူများအတွက် သဘာဝမြေဩဇာအိတ် ၅၀ နှင့် ယူရီးယားဓာတ်မြေဩဇာ ၂၅ အိတ်ကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒုံရင်းစိုက်ပျိုးရေးနှင့်မွေးမြူရေးအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် ဆင်းသုခမျိုးစေ့ထုတ် စံပြစိုက်ခင်းငါးဧကတွင် တောင်သူများ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ကောက်စိုက်သမများနှင့် ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)





# ကယားပြည်နယ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**လွိုင်ကော် ဇူလိုင် ၁၅**

၂၀၂၃ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း(ချိကယ်)ပရဝဏ်အတွင်း ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဒေသကွပ်ကဲရေးမှူး၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ တက်ရောက်ကြသည်။

**ဖြန့်ဝေပေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအတွက် ပျိုးပင်များကို ဖြန့်ဝေပေးရာ အခြေခံပညာဦးစီးဌာန ပြည်နယ်ပညာရေးမှူး စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း(ချိကယ်)မှ ကျောင်းအုပ်ကြီးနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်သစ်ပင်များကို သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးကြပြီး သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသူများက ပျော်ရွှင်စွာ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**စုပေါင်းစိုက်ပျိုး**

ကယားပြည်နယ် သစ်တောဦးစီးဌာနက မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများအတွက် ဒေသမျိုးရင်း အဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက်ဖူးပွင့်နိုင်သည့်အပင်များ၊ ကြီးမြန်သစ်မျိုးများ၊ အရိပ်ရသစ်မျိုးများပါဝင်သည့် လူထုဖြန့်ပျိုးပင် ၁၀၀၀၀၀ ကို ပျိုးထောင်ထားပြီး ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ယခုစုပေါင်းသစ်ပင် စိုက်ပျိုးပွဲတွင် အရိပ်ရသစ်မျိုးများဖြစ်သည့် ကျွန်း၊ ထင်းရှူး၊ ကံ့ကော်၊ မဟော်ဂနီ၊ ခါတော်မီ၊ ခရေ၊ စိန်ပန်းကလေး၊ ဆီသပြေ၊ ဝါးဘိုးဝါး စသည့် သစ်မျိုးကိုးမျိုး စုစုပေါင်းအပင် ၃၀၀ ကို တက်ရောက်လာကြသည့် အင်အား ၃၀၀ ကျော်က ပျော်ရွှင်စွာ စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၅**

မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Myanmar Media Development Group – MMDG)၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် မြန်မာ့မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲတင့်က သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၁၂ ခုနှစ်တွင် စာပေစိစစ်မှုများကို ဖျက်သိမ်းပေးခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို ပြဋ္ဌာန်းကာ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင် ဥပဒေကို ဖျက်သိမ်းပေးခဲ့ကြောင်း၊ ပြည်ပရောက်နေသည့် မြန်မာမီဒီယာများကိုလည်း ပြန်လည်ဝင်ရောက်ခွင့်ပြုခဲ့ပြီး ဥပဒေနှင့်အညီ မီဒီယာလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုခဲ့ကြောင်း၊ ထို့ပြင် ၂၀၁၄ ခုနှစ်တွင် သတင်းမီဒီယာဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းပြီး မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ အလားတူ ရုပ်ရှင်ဥပဒေပါ ဆင်ဆာမူဝါဒများကိုလည်း လျှော့ပေါ့ပေးခဲ့ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသား ချစ်ကြည်ရေး၊ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေး၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ညစ်ညမ်းမှုများမပါရှိစေရေး တို့ကိုသာ စိစစ်ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲများ၊ ဟောပြောပွဲများ ပြုလုပ်ခဲ့ခြင်းဖြင့် မီဒီယာလောက ဖွံ့ဖြိုးတိုးတက်မှုကို အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခုအချိန်တွင်လည်း မီဒီယာများအနေဖြင့် စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်မှ ပြန်ကြားရေး ဝန်ကြီးဌာနအောက်တွင် မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို မကြာမီက ဖွဲ့စည်းပေးထားပြီးဖြစ်၍ မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအနေ အချိန်အခါနှင့် ကိုက်ညီပြီး ဆောင်ရွက်သင့်သည်များကို ဆွေးနွေးအကြံပြုကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် တက်ရောက်လာကြသည့် အဖွဲ့ဝင်များက မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်သင့်သည်များကို ဆွေးနွေးအကြံပြုကြသည်။

ယင်းနောက်မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြမှုတို့နှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# စဉ့်ကူးမြို့၌ ၂၀၂၃ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**စဉ့်ကူး ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့တွင် ၂၀၂၃ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီက စဉ့်ကူးမြို့အမှတ်(၂) ရပ်ကွက် အားကစားကွင်းဘေး၌ ကျင်းပသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးသော်တာထွန်းနှင့် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိုက်တို့က သစ်ပင်စိုက်ပျိုးကြမည့်သူများထံသို့ ပိတောက်ပင် ၁၀၀၊ ကံ့ကော်ပင် ၁၀၀ နှင့် စိန်ပန်းပင် ၁၀၀ စုစုပေါင်း ပျိုးပင် ၃၀၀ ကို ပေးအပ်ခဲ့ပြီး သတ်မှတ်နေရာအသီးသီးတွင် ပျိုးပင်များကို တပျော်တပါး စိုက်ပျိုးပေးကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးသည်။

မြို့နယ်(ပြန်/ဆက်)



## တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ဇီဝဆိုင်ရာအချက်အလက်များကောက်ယူနေမှု ကြည့်ရှုအားပေး



**ကော့သောင်း ဇူလိုင် ၁၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်သူလူထုများ၏ ကိုယ်ရေးအချက်အလက် မှတ်တမ်းများကို e-ID စနစ်ဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရဲဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား လူတစ်ဦးချင်းစီ၏ Biometric အချက်အလက်များ ဖြည့်သွင်းဆောင်ရွက်ရေးလုပ်ငန်းကို ယမန်နေ့နံနက်ပိုင်းက ကော့သောင်းမြို့နယ် မြို့မရဲစခန်းတွင် ကွင်းဆင်းကောက်ယူလျက်ရှိရာ အဆိုပါ Biometric အချက်အလက်များ ဖြည့်သွင်းဆောင်ရွက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ Biometric အချက်အလက်များ ဖြည့်သွင်းဆောင်ရွက်ရေးလုပ်ငန်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်/မြို့နယ် ဦးစီးမှူးများ ဦးဆောင်၍ ဝန်ထမ်းများက အသက်(၁၀)နှစ်နှင့်အထက် နိုင်ငံသား တစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များကို Enrollment Application Form (ပုံစံ-၁)ဖြင့် မျက်နှာ၊ မျက်လုံး၊ လက်ဗွေကို Screen ဖတ်ပြီး အချက်အလက်များအား Enrollment Device ဖြင့် server ထဲထည့်၍ အချက်အလက်များကို QR ကုတ်ပါသည့် ဂဏန်း ၁၀ လုံးပါသော UID နံပါတ်ပြန်လည်ထုတ်ပေးခြင်းဖြစ်ပြီး အဆိုပါလုပ်ငန်းကို ဦးတည်အုပ်စုများ သတ်မှတ်ထားသည့် အစီအစဉ်အတိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ပဲခူးတိုင်းဒေသကြီးအဖွဲ့ဝင်များအား တွေ့ဆုံ

**ပဲခူး ဇူလိုင် ၁၅**

မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ တာဝန်ရှိသူများနှင့် ပဲခူးတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များ တွေ့ဆုံမိတ်ဆက်ပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ် ကမ္ဘောဇသာဒီမင်္ဂလာခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ အဆိုတော်မောင်ဖုန်း(တေးရေး၊ တေးဆို)နှင့် အဆိုတော် ဟန်နီတို့က ကိုယ်တိုင်ရေးသားသည့် "အတူတူတွဲလို့သွားကြမယ်" သီချင်းဖြင့် သီဆိုဖွင့်လှစ်ကြသည်။

ထို့နောက် ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် တိုင်းသာသနာရေးမှူး(ညွှန်ကြားရေးမှူး)ဦးဌေးနိုင်တို့က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဘာသာကြီးလေးရပ်မှ ကိုယ်စားလှယ်များက တစ်ဦးချင်းမိတ်ဆက်စကားများ ပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်နီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**တင်ဝင်းတင်**



## ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇူလိုင် ၁၅**

တပ်မတော်(လေ) အနေဖြင့် သဘာဝဘေးဒဏ်သင့် ဒေသများသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့်ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ကျန်းမာရေးဝန်ကြီးဌာနက ပေးပို့သည့် ခွန်အားဖြည့်ဓာတ်ဆားနှင့် ရေသန့်ကတ် ၅ ဒသမ ၅ တန်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်(လေ)မှ လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။



သဘာဝဘေးဒဏ်သင့် ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေး ပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၅၇၆ တန်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကူညီ ဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်း ၃၅၆၉ ဦးတို့အား ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ ရောက်ရှိသည့် ကယ်ဆယ်ရေး ပစ္စည်းများကို မုန်တိုင်းဒဏ်သင့် ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိကြောင်းနှင့် အဆိုပါ တပ်မတော်လေယာဉ်/ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

## တိုက်ကြီးမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း မိတ်ဆက်ရှင်းလင်း

**တိုက်ကြီး ဇူလိုင် ၁၅**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကို ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါကျေးရွာများသို့ ဇူလိုင် ၆ ရက်မှ ၁၄ ရက်အထိ စီမံကိန်းမိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ရာ တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက ကျေးရွာရွေးချယ်ရေးမူများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်အချက်များကို ဆွေးနွေးပြောကြားပြီး ကျေးရွာသူ ကျေးရွာသားများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်းနှင့် ကျေးရွာကော်မတီအဖွဲ့များကို ကျေးရွာပြည်သူများ၏ အများသဘောဆန္ဒနှင့်အညီ ပွင့်လင်းမြင်သာစွာ ရွေးချယ်အတည်ပြုဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ❖ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေပန်းစည်းပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ❖ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ❖ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀) မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက် အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ❖ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း အပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ❖ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ❖ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- ❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျေးရွာ ၁၅၅ ရွာကို ရွေးချယ်ကာ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁၅

အခြေခံအပ်ချုပ်စက် သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုက်ကြီးမြို့နယ် ရင်းတိုက်လေးပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားပြီး ထူးချွန်သင်တန်းသူ ငါးဦးကို ခြေနင်းမော်တာအပ်ချုပ်စက်၊ ဘီတင်စက်နှင့် ခါးစက်များပါဝင်သော လုပ်ငန်းသုံးပစ္စည်း တစ်စုံစီ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန တိုင်းဦးစီးမှူးက သင်တန်းသူ ၁၅ ဦးအတွက် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျေးရွာ ၁၅၅ ရွာကို ရွေးချယ်ကာ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။



ယင်းသို့ ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရင်းတိုက်လေးပင် ကျေးရွာအုပ်စုတွင် ဇွန် ၁၄ ရက်မှ ဇူလိုင် ၁၅ ရက်အထိ အခြေခံအပ်ချုပ်စက်သင်တန်းကို သင်တန်းသူ ၁၅ ဦးဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တိုက်ကြီးမြို့နယ် အိုင်ကြီးကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ မိုးစပါးစိုက်တောင်သူများ၊ သမဝါယမအသင်းအမှုဆောင်များ၊ အသင်းသားတောင်သူများနှင့် တွေ့ဆုံခဲ့ရာ သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူးက ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါးစိုက်ပျိုးရေး လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းအတွက် တောင်သူများအား ပံ့ပိုးပေးမည့် ဓာတ်မြေဩဇာနှင့် သွင်းအားစုများ အချိန်မီရောက်ရှိရေး၊ စိုက်နည်းစနစ် မှန်ကန်စွာဖြင့် အထွက်တိုးစပါးများ စိုက်ပျိုးကြရေး၊ ထွက်ရှိလာသော သီးနှံများကို ဒေသပေါက်ဈေးဖြင့် ရောင်းချပြီးချိန်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများကို အရစ်ကျပြန်လည်ပေးဆပ်ရေး တိုက်တွန်းမှာကြားပြီး အသင်းအမှုဆောင်များ၊ တောင်သူများ၏ မိုးစပါး စိုက်ပျိုးရေးလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**မှာကြား**

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တိုက်ကြီးမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ပါတီနိုင်ငံရေးကင်းရှင်းရန်၊ အထက်အောက် အပြန်အလှန်လေးစားမှု၊ ကူညီစောင့်ရှောက်မှုတို့ဖြင့် ဌာနတွင်း စည်းလုံးညီညွတ်မှုကို တည်ဆောက်ရန်၊ ကျန်းမာရေးကောင်းအောင် ဂရုပြုနေထိုင်ကြရန် မှာကြားကာ ဝန်ထမ်းများ၏ လုပ်ငန်းလိုအပ်ချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြင်းခြံမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ကျပ် ၈၃၈ သိန်းနှင့်ညီမျှသော သွင်းအားစုပစ္စည်းများပေးအပ်

မြင်းခြံ ဇူလိုင် ၁၅

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်၌ သမဝါယမကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်ရန် မိုးစပါးစိုက်ပျိုးဧက ၄၁၉ ဧကအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ကျပ် ၈၃၈သိန်းနှင့်ညီမျှသော သွင်းအားစုပစ္စည်းများပေးအပ်ပွဲကို ယမန်နေ့က ထနောင်းတိုင်ကျေးရွာ၌ ပြုလုပ်သည်။

အဆိုပါ ပေးအပ်ပွဲတွင် မြင်းခြံမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးမော်က သမဝါယမကဏ္ဍအနေဖြင့် ဆောင်ရွက်မည့် မိုးစပါးစိုက်ပျိုး ရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေရယူဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး မိုးစပါးစိုက်ပျိုးသော အသင်းသားတောင်သူ ၁၅၄ ဦးအား မိုးစပါးစိုက်ပျိုးဧက ၄၁၉ ဧက အတွက် တစ်ဧကလျှင် နှစ်သိန်းကျပ်နှုန်းဖြင့် ငွေကျပ် ၈၃၈ သိန်းနှင့်ညီမျှသော သွင်းအားစုပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## တောင်ကြီးမြို့တွင် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

တောင်ကြီး ဇူလိုင် ၁၅

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၌ ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရှမ်းပြည်နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ပြောကြား**

ဦးစွာ ပြည်နယ်ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်း ဖွင့်လှစ်ထားသည့် ဆေးရုံဆေးခန်းများအနေဖြင့် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေများနှင့်အညီ ဖွင့်လှစ်ကြရန်လိုကြောင်း၊ အဆိုပါဆေးရုံ၊ ဆေးခန်းများတွင် ဆရာဝန်များ၊ သူနာပြု ဆရာဆရာမများအား ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခန့်ထားပေးရန်လိုကြောင်း၊ မှူခင်းနှင့်သက်ဆိုင်သော လူနာများ ပုဂ္ဂလိကဆေးရုံသို့ရောက်ရှိလာပါက အရေးပေါ် အသက်ကယ်ကုသမှု ပြုလုပ်ပေးပြီး ကုသမှုစာရွက်စာတမ်း အပြည့်အစုံဖြင့် သက်ဆိုင်ရာ အစိုးရဆေးရုံများသို့ လွှဲပြောင်းပေးပို့ရန် လိုကြောင်း၊ တက်ရောက်လာကြသည့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများအနေဖြင့် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း မေးမြန်းဆွေးနွေးကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားပြီး ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးအောင်မြင့်ဦးက ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပုဂ္ဂလိကဆေးရုံများမှ တာဝန်ရှိသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြပြီး ပြည်နယ်ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ရှမ်းပြည်နယ် လူမှုရေးရာ ဝန်ကြီး ဦးအေးလှိုင်က နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်းနှင့် အစည်းအဝေးသို့ ပြည်နယ်ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ပုဂ္ဂလိကဆေးရုံများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

❂ **MNL ပြိုင်ပွဲမှ**

ဒဂုံစတားအသင်းသည် အကောင်းဆုံးကြိုးစားခဲ့သော်လည်း အပြန်အလှန်သွင်းဂိုးများဖြင့် အရေးနိမ့်ခဲ့သည်။

ယခုပွဲအပြီးတွင် ရှေဝတီအသင်းက ၁၂ ပွဲကစား ရမှတ် ၁၁ မှတ်၊ ဒဂုံစတားအသင်းက ၁၂ ပွဲကစား ရမှတ် ၁၄ မှတ် ရရှိထားသည်။ ပွဲစဉ် (၁၂) ဒုတိယနေ့အဖြစ် ဇူလိုင် ၁၆ ရက်တွင် သုဝဏ္ဏကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - MNL

❑ **အာဆင်နယ်အသင်းမှ**

ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ဟာ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၁၀၅ သန်း(အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၅ သန်း)နဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး ဗြိတိန်ကလပ်အသင်း နှစ်သင်းအကြား စံချိန်တင်အပြောင်းအရွှေ့လည်း ဖြစ်လာခဲ့ပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ဟာ အင်္ဂလန်လက်ရွေးစင်အသင်းနဲ့အတူ ၄၃ ပွဲ ပါဝင်ကစားပေးထားပါတယ်။ ဒီကလန်ရိုက်ကိုခေါ်ယူနိုင်ခဲ့ပြီဖြစ်တာကြောင့် အသင်းအတွက် အရေးပါတဲ့ကစားသမားတစ်ဦးကို ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်တယ်လို့ အာဆင်နယ် အသင်းနည်းပြ အာတီတာက ပြောကြားခဲ့ပါတယ်။

ဒီကလန်ရိုက်ဟာ ချယ်လ်ဆီးအသင်းရဲ့ လူငယ်အကယ်ဒမီကနေ ထွက်ခွာခဲ့ပြီးနောက် အသက် ၁၄ နှစ်အရွယ်မှာ ဝက်စ်ဟမ်းအသင်းဆီရောက်ရှိလာခဲ့တာဖြစ်ပြီး ဝက်စ်ဟမ်းအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၂၄၅ ပွဲမှာ သွင်းဂိုး ၁၅ ဂိုး သွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းက ဒီကလန့်ရိုက်ကို ကနဦးနှစ်ကြိမ်ကမ်းလှမ်းခဲ့ရာမှာ ဝက်စ်ဟမ်းအသင်းက တောင်းဆိုတဲ့ ပေါင်သန်း ၁၀၀ မပေးခဲ့လို့ သဘောတူညီမှုရရှိခဲ့ခြင်းမရှိဘဲ ယခုတတိယအကြိမ် ကမ်းလှမ်းချိန်မှသာ သဘောတူညီချက်ရရှိခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ယခုအပြောင်းအရွှေ့အတွင်းမှာ ချယ်လ်ဆီးအသင်းမှ ဂျာမနီကွင်းလယ်ကစားသမား ကိုင်ဟာဗက်ဇ်နဲ့ အေဂျက်အသင်းမှ နယ်သာလန်နောက်ခံလူ ဂျာရိန်းတင်ဘာတို့ကို ခေါ်ယူထားပြီးဖြစ်တာကြောင့် ဒီကလန်ရိုက်ဟာ အာဆင်နယ်အသင်းရဲ့ တတိယမြောက်ခေါ်ယူခဲ့တဲ့ ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။

ငွေကြယ်

❍ **ကျောဖုံးမှ**

မိနစ် ၃၀ တွင် ယဉ်လွန်းအိမ်က မြန်မာအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ၄၉ မိနစ်တွင် အင်ဒိုနီးရှားအသင်းက ပင်နယ်တီမှတစ်ဆင့် ချေပဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဂိုးထပ်မသွင်းနိုင်သဖြင့် တစ်ဂိုးစီသရေကျခဲ့ပြီး အချိန်ပိုမကစားဘဲ ပင်နယ်တီဖြင့် တိုက်ရိုက်ဆုံးဖြတ်ခဲ့သည်။ ပင်နယ်တီကန်သွင်းရာတွင် မြန်မာအသင်းက လေးလုံးစလုံး ဂိုးဝင်ခဲ့ပြီး အင်ဒိုနီးရှားအသင်းက လေးလုံးကန်ရာတွင် နှစ်ဂိုးသာဝင်ခဲ့သဖြင့် မြန်မာအသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ပင်နယ်တီဂိုးများကို သိင်္ဂီထွေး၊ စန္ဒာလင်း၊ ဖြူဖြူဝင်းနှင့် ဖြူဖွေးတို့က ကန်သွင်းယူခဲ့သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF

# အမေရိကန်အာဏာပိုင်များက ChatGPT တီထွင်သည့် နည်းပညာကုမ္ပဏီ Open AI အား တရားစွဲဆို

ဝါရှင်တန် ဇူလိုင် ၁၅

အမေရိကန် အာဏာပိုင်များက ဉာဏ်ရည်တုနည်းပညာသုံး Chatbot တစ်ခုဖြစ်သော ChatGPT တီထွင်သည့် နည်းပညာကုမ္ပဏီ Open AI အား တရားစွဲဆိုထားကြောင်း သိရသည်။

တရားစွဲဆိုထားခြင်းနှင့်ပတ်သက်ပြီး အမေရိကန် ဖက်ဒရယ်ကုန်သွယ်ရေးကော်မရှင်က တင်သွင်းသည့် စုံစမ်းစစ်ဆေးရေးဆိုင်ရာ စာရွက်စာတမ်း အချက်အလက်များကို သည်ဝါရှင်တန်ပို့စ်နှင့် အခြားသောသတင်းအေဂျင်စီများက သတင်းဖော်ပြသည်။

ကယ်လီဖိုးနီးယားအခြေစိုက် OpenAI သည် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများကို ချိုးဖောက်ခြင်း ရှိ မရှိ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ChatGPT သည် ပြည်သူများနှင့် ပတ်သက်သည့် မှားယွင်းသော၊ အထင်မှားစေသော သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းနိုင်သော အချက်အလက်များကို ဖန်တီးပေးနိုင်သည်။ အမေရိကန်ဖက်ဒရယ်ကုန်သွယ်ရေးကော်မရှင်သည် မတ်လအတွင်းဖြစ်ပွားခဲ့သည့် အဖြစ်အပျက်တစ်ခုနှင့်ပတ်သက်သည့် မှတ်တမ်းများ ပေးရန် ကယ်လီဖိုးနီးယားအခြေစိုက် OpenAI ကုမ္ပဏီကို တောင်းဆိုထားသည်။

မတ်လအတွင်းက ChatGPT စနစ်ချို့ယွင်းမှုကြောင့် သုံးစွဲသူများ၏ ခရက်ဒစ်ကတ်အချက်အလက်များ ပေါက်ကြားခဲ့ပြီး သုံးစွဲသူအချို့၏ချက်လက်မှတ်မှတ်တမ်းများကို ခဏတာကြည့်ရှုခွင့်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကိစ္စရပ်ဖြစ်ပွားပြီးနောက် မေလတွင် အမေရိကန် အစိုးရသည် Alphabet နှင့် Microsoft အပါအဝင် ဉာဏ်ရည်တုနည်းပညာ တီထွင်သည့် ကုမ္ပဏီလေးခုကို နည်းပညာကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များမှ လူ့အဖွဲ့အစည်းကိုကာကွယ်ရန် တောင်းဆိုခဲ့သည်။ **ကိုးကား - အင်န်အိတ်ချ်ကေ ဘာသာပြန် - အောင်ကျော်ကျော်**






# အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်၌ မိုးကြိုးပစ်မှုကြောင့် အနည်းဆုံး ၂၂ ဦးသေဆုံး

နယူးဒေလီ ဇူလိုင် ၁၅

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်၌ မိုးကြိုးပစ်ခံရမှုကြောင့် အနည်းဆုံး ၂၂ ဦးသေဆုံးခဲ့ကြောင်း နိုင်ငံပိုင် All India Radio သတင်းဌာနက ဇူလိုင် ၁၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဘီဟာပြည်နယ်၏ ဒေသအများအပြား၌ ဇူလိုင် ၁၄ ရက်ကဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မိုးကြိုးမုန်တိုင်းများကြောင့် မိုးကြိုးပစ်ခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လာမည့်ရက်များတွင်လည်း ဘီဟာပြည်နယ်အရှေ့ပိုင်းဒေသများ၌ မိုးသည်းထန်စွာရွာသွန်းမှုများ ဆက်လက်ဖြစ်ပွားမည်ဟု အိန္ဒိယမိုးလေဝသဌာနက ခန့်မှန်းထားကြောင်း သိရသည်။ ထို့ကြောင့် မိုးသည်းထန်စွာရွာသွန်းနေစဉ်အတွင်း အပြင်သို့ထွက်ခြင်းကို ရှောင်ရှားကြရန် ပြည်သူများအား တိုက်တွန်းထားကြောင်းလည်း သိရသည်။

၂၀၂၂ ခုနှစ်အတွင်းက အိန္ဒိယနိုင်ငံတစ်ဝန်းတွင် မိုးကြိုးပစ်ခြင်းကြောင့် လူပေါင်း ၉၀၇ ဦး သေဆုံးခဲ့ကြောင်း တရားဝင်အချက်အလက်များကို ကိုးကား၍ ဒေသတွင်းမီဒီယာများက သတင်းဖော်ပြသည်။ **ကိုးကား - ဆင်ဟွာ ဘာသာပြန် - အလင်းသစ်**

# တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံကင်းဒေသ၌ မိုးသက်မုန်တိုင်းကြောင့် ဒေသခံ ၉၇၀၀ ကျော်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်း

ချုံကင်း ဇူလိုင် ၁၅

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံကင်းဒေသ၌ ဇူလိုင် ၁၃ ရက်တွင် စတင်ခဲ့သည့် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ဒေသခံ ၉၇၀၀ ကျော်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဒေသအာဏာပိုင်များက ဇူလိုင် ၁၅ ရက်တွင် ပြောကြားသည်။

အဆိုပါ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချုံကင်းဒေသရှိ မြို့ပေါင်း ၄၁ မြို့ထိခိုက်ခဲ့ပြီး ဝမ်ကျိုးခရိုင်တွင်မူ နေ့စဉ် မိုးရေချိန်သည် ၂၂၇ မီလီမီတာဖြင့် စံချိန်တင်ခဲ့ကြောင်း ဒေသဆိုင်ရာမိုးလေဝသဌာနက ပြောကြားသည်။

မိုးရွာသွန်းမှုကြောင့် ကောက်ပဲသီးနှံဟက်တာ ၃၀၀ ကျော် ထိခိုက်ပျက်စီးခဲ့ကြောင်းနှင့် လူနေအိမ်ပေါင်းများစွာသည်လည်း ပျက်စီး သို့မဟုတ် ပြိုကျမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ဇူလိုင် ၁၄ ရက်အစောပိုင်းမှစတင်ကာ ကယ်ဆယ်ရေးလုပ်သား ၁၇၀၀ ကျော်က ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း ခရိုင်ရေကြီးမှုနှင့် မိုးခေါင်မှုထိန်းချုပ်ရေးဌာနချုပ်က ပြောကြားသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**



# မော်ရိုကိုနှင့် အီးယူတို့က ငါးလုပ်ငန်းဆိုင်ရာ မိတ်ဖက်နိုင်ငံများအဖြစ် ဆက်လက်ရပ်တည်ရန် ကြိုးပမ်း

ရာဘက် ဇူလိုင် ၁၅

မော်ရိုကိုနိုင်ငံနှင့် ဥရောပသမဂ္ဂ(အီးယူ)တို့သည် နှစ်နိုင်ငံသဘောတူညီထားသည့် လေးနှစ်သက်တမ်းရှိငါးလုပ်ငန်းဆိုင်ရာ သဘောတူညီချက်မှာ သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သောကြောင့် ငါးလုပ်ငန်းဆိုင်ရာမိတ်ဖက်နိုင်ငံများအဖြစ် ဆက်လက်ရပ်တည်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မော်ရိုကိုနိုင်ငံနှင့် အီးယူတို့သည် ဒေသတွင်းငါးသယံဇာတများ၏ ရေရှည်တည့်တံ့မှုကို ဘုံရည်မှန်းချက်အနေဖြင့် ထားရှိကာ သိပ္ပံနည်းကျ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်းလည်း သိရသည်။

စဉ်ဆက်မပြတ် ငါးလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်ဟု လူသိများသော အဆိုပါသဘောတူညီချက်သည် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလတွင် လေးနှစ်သက်တမ်းရှိ ငါးလုပ်ငန်းဆိုင်ရာသဘောတူညီချက်အဖြစ် စတင်အသက်ဝင်ခဲ့ခြင်းဖြစ်သည်။ ယင်းသဘောတူညီချက်ကို သုံးကြိမ်တိုင်တိုင် သက်တမ်းတိုးခဲ့ပြီးဖြစ်သည်။

အီးယူတရားရုံးက ငါးလုပ်ငန်းဆိုင်ရာသဘောတူညီချက်၏ နောက်ဆုံးသက်တမ်းတိုးမှုကို ၂၀၂၁ ခုနှစ်တွင် ပြင်းပယ်ခဲ့ပြီး ယင်းသဘောတူညီချက်၌ အနောက်ဆာဟာရနှင့် ၎င်းနှင့်ကပ်လျက်ရှိသော ရေပိုင်နက်များနှင့် သက်ဆိုင်ခြင်းမရှိကြောင်း သိရသည်။

နောက်ဆုံးသက်တမ်းတိုးခဲ့သည့် ငါးလုပ်ငန်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်သည် ဇူလိုင် ၁၇ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# အပူချိန်လွန်ကဲမှုကြောင့် အီတလီနိုင်ငံတစ်ဝန်းရှိ မြို့ကြီး ၁၆ မြို့၌ အနီရောင်အဆင့် သတိပေးချက်များထုတ်ပြန်

ရောမ ဇူလိုင် ၁၅

ဥရောပတောင်ပိုင်းတွင် အပူချိန်လွန်ကဲမှုကြောင့် အီတလီနိုင်ငံတစ်ဝန်းရှိ မြို့ကြီး ၁၆ မြို့၌ အနီရောင်အဆင့်သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ သတိပေးချက်များသည် လာမည့်ရက်များအတွင်း ရောမ၊ ဖလောရန့်နှင့် ဘိုလော့ဂ်နာမြို့များ အပါအဝင် ခရီးသွားနေရာ အများအပြားတွင် သက်ရောက်မှုရှိမည်ဖြစ်သည်။

အပူလှိုင်းကျရောက်မှုသည် ပုံမှန်ဖြစ်စဉ်ထက် အချိန်ပိုကြာလျက်ရှိပြီး ညအပူချိန်များလည်း မြင့်တက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် နောက်ထပ် အပူလှိုင်းတစ်ခု ချဉ်းကပ်လာခြင်းကြောင့် ဥရောပ၌ လာမည့်ရက်သတ္တပတ်အတွင်း အပူချိန် ပိုမိုမြင့်တက်လာမည်ဖြစ်ကြောင်း ရာသီဥတု စောင့်ကြည့်လေ့လာသူများက ဆိုသည်။ အပူချိန်မြင့်မားမှုသည် ဥရောပအလယ်ပိုင်းဒေသများအပြင် ဂျာမနီနှင့် ပိုလန်နိုင်ငံတို့တွင်လည်း အပူချိန်မြင့်မားမှုဒဏ်ကို ခံစားနေရကြောင်း သိရသည်။

စပိန်နိုင်ငံတောင်ပိုင်း၊ အီတလီနိုင်ငံအရှေ့တောင်ပိုင်းနှင့် ဂရိနိုင်ငံတို့တွင် အပူချိန် ၄၇ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာဖွယ်ရှိသည်။

ပြီးခဲ့သည့် ဇွန်လသည် စံချိန်တင် အပူဆုံးဖြစ်သည်ဟု ဥရောပသမဂ္ဂ၏ ရာသီဥတုစောင့်ကြည့်ရေးဝန်ဆောင်မှု Copernicus ၏မှတ်တမ်းအရ သိရသည်။

ဥရောပ၌ ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် အီတလီနိုင်ငံ စစ္စလီကျွန်း၌ အပူချိန် ၄၈ ဒီဂရီ စင်တီဂရိတ်အထိ မြင့်တက်ကာ အပူချိန်အမြင့်မားဆုံးစံချိန်တင်ခဲ့ကြောင်း သိရသည်။ **ကိုးကား - ဘီဘီစီ ဘာသာပြန် - အောင်ကျော်ကျော်**



# တရားမဝင် သစ်မျိုးစုံ၊ ကျောက်စိမ်း၊ လျှပ်စစ်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၅

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မန္တလေး ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယာဉ် တစ်စီးပေါ်မှ လူသုံးကုန်ပစ္စည်းများဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသား ၁ ဒသမ ၁၃၄တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၇၄၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသော Isuzu Truck ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၂၄၇၄၀၀) ကို သိမ်းဆည်းရမိခဲ့သဖြင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ပုသိမ်ကြီးမြို့နယ် သစ်တောဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရေဝတီမြစ်ဆိပ်ကမ်း တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်နှင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ကင်းလှည့်စစ်ဆေးမှုများဆောင်ရွက်ခဲ့စဉ် ရတနာပုံသင်္ဘောကျင်းနှင့် ဂေါ်ဝိန်ဆိပ်ကမ်းကြားတွင် စုပုံထားသော တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် မီးသွေးအိတ် ကီလိုဂရမ် ၁၇၈၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ မဟာအောင်မြေမြို့နယ် သစ်တောဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့က သတင်းအရ မန္တလေး-လားရှိုးကားလမ်း၊ မိုင်တိုင် အမှတ် (၂၃) မိုင်၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ် တစ်စီးအား စိစစ်၍ မန္တလေး မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ အသေးစိတ်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယာဉ်ပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော လျှပ်စစ်ပစ္စည်းများဖြစ်သည့် Circuit Breaker ကီလိုဂရမ် ၂၄၀ အပါအဝင် ကုန်ပစ္စည်း အမျိုး ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၄၉၄၄၁)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၉၄၉၄၄၁)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်မြို့မရဲစခန်းမှ ရဲအုပ်ဦးဆောင်သော ပူးပေါင်းအဖွဲ့က မူဆယ်မြို့ စွမ်စော်ရပ်ကွက် မြေနီကွင်း ကားဝင်းရှေ့အနီး၌ ပိတ်ဆို့စစ်ဆေးရှာဖွေခြင်း ဆောင်ရွက်နေစဉ် ပြည်ထောင်စုလမ်းမကြီးအတိုင်း စွမ်စော်ရပ်ကွက်မှ ပန်ခမ်းကျေးရွာသို့ မောင်းနှင်လာသော ယာဉ်တစ်စီး၏နောက်ခန်းတွင် မိုးကာစဖုံးအုပ်ကာ အဝါရောင်ပီနံအိတ်ဖြင့်ထုပ်လျက် သို၀ှက်သယ်ဆောင်လာသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးအပိုင်းအစများ (အရွယ်စုံ၊ ဆိုဒ်စုံ) နှင့် ပုတီးစေ့များအား တွေ့ရှိရသဖြင့် မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ အသေးစိတ်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ဟူဆရသော ကျောက်ဖြတ်စ ၉၈ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၉၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေး ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

၎င်းအပြင် ဇူလိုင် ၁၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် Current Transformer Model-TW1 အလုံး၂၁၀ အပါအဝင် ကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၉၈၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အထူးစစ်ဆေးရေးအဖွဲ့က ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အကြားတွင် ယာဉ်တစ်စီးအား စိစစ်၍ ရွာသာကြီး Dry Port ၌ အသေးစိတ်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယာဉ်ပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် SECURE Multi-Function Digital Panel Meter Elite 440-445 အလုံး၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)၊ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲပါရှိလာသည့် Manganese Oxide ကီလိုဂရမ် ၁၀၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၈၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြို့နယ်သစ်တောဦးစီးဌာန အသီးသီး အလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒိုက်ဦးမြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်အတွင်း တရားမဝင် ကျွန်းသစ်နှင့် အနန်းဘို သစ်ခွဲသား ၄ ဒသမ ၁၀၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၀၀၂၆)ကို သစ်တောဥပဒေအရလည်းကောင်း၊ ဒိုက်ဦးမြို့နယ် ရဲစခန်းမှ ဒုရဲမှူး ဦးဆောင်သော ပူးပေါင်းအဖွဲ့က ဒိုက်ဦး-စစ်တောင်းကားလမ်း၊ မိုင်တိုင်အမှတ်(၂၁/၃)နှင့်(၂၁/၄)ကြား၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့စဉ် ညောင်ခါးရှည်မှ ဒိုက်ဦးသို့ မောင်းနှင်လာသော လိုင်စင်မဲ့ Daihatsu Hijet ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၈၀၀၂၆) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေအရ သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၀၂၄၈၆၇) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မြို့နယ်အချို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၄ ရက် ညနေ ၄ နာရီခွဲတွင် ဗန်းမော်မြို့ သာစည်ရပ်ကွက် ဗန်းမော်-မိုးမောက်သွားကားလမ်းတွင် မမိုင်းရာ



မမိုင်းရာနှင့် မဒွန်ဒေါ်ထု(ခ)မထုတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

မောင်းနှင်ပြီး မဒွန်ဒေါ်ထု(ခ)မထု လိုက်ပါလာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၇၉၂ ကီလိုကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် ဝမ်တုံကျေးရွာအုပ်စု ကောင်းမူးကျေးရွာအနီးတွင် ကျလဲ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၃ ရက် ည ၆ နာရီခွဲတွင် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် အိုရီယမ်တယ်တိုးဂိတ်အနီး လားရှိုး-မန္တလေးသွားကားလမ်းတွင် ထွန်းထွန်း(ခ) အငယ်လေး မောင်းနှင်ပြီး မဇင်မာသက်(ခ) မာရီယာ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊ အလားတူ ည ၆ နာရီ ၃၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာတွင် စည်သူ(ခ)အနက်(စ်) မောင်းနှင်ပြီး မတင်မာအောင် (ခ)ဟက်ကီးမား လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၇-၂၀၂၃ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ ရတနသုတ်၊ တောင့်ချုပ်သုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ပြန်လည်ပြည့်ဖြိုးမြဲမြစွမ်းအင်ကဏ္ဍတိုးတက်ဖွံ့ဖြိုးစေရေး တစ်နိုင်တစ်ပိုင်ထုတ်လုပ်မှုဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေး
- ၀၉:၁၅ တရုတ်ကာတွန်း 'ဖြူဝင်စိတ်လှ' (အပိုင်း-၁၈)
- ၁၀:၀၀ 'သတင်းသမားပြောတဲ့သတင်းစကား'
- ၁၀:၃၀ 'စိမ်းမို့မို့အမှတ်တရလေးများ' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ် (ပွဲစဉ်-၂)
- ၁၁:၄၀ အသိပညာနှင့်အမှန်တရား
- ၁၂:၃၅ This Week's Special Interest
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဂန္ထဝင်ရုပ်ရှင် 'ငြေနိုင်ငပေါင်' (ညွှန့်ဝင်း၊ ဝါဝါဝင်းရွှေ)(ဒါရိုက်တာ-ပြည့်စုံ)
- ၁၆:၃၅ Sports Diary
- ၁၇:၂၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇:၃၀ Economic Review
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၃၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ 'ဂန္ထဝင်ဟာသအနုပညာရှင်မိုးဒီ' (အပိုင်း-၁)
- ၂၁:၃၀ ဆေးရောင်စုံရုပ်ရှင် 'ငနောင်ထုံးပွဲ့ငပတ္တာ' (လျှမ်းထက်၊ စိုးမြတ်နန္ဒာ)(ဒါရိုက်တာ-ကြည်စိုးထွန်း)

### mitv

- 07:01 Evergreen Classic: Aung Chin Shit Par (Tekkatho Lei Lei, Sein Lei Lei, Thae Nu Wah, Nyo Win Pe)
- 07:12 Myanmar Delicate Artistic Creations - Gem Stone Painting
- 07:32 Khema Yama Nunnery School
- 07:46 Ywar Thit's Monhinkhar
- 08:01 News
- 08:27 Products of Myanmar - Velvet Slipper
- 08:40 Artist Life: Designer Nay Chi Win Lai Yee
- 09:01 Myanma Gone Yi U Sein Tun Kyi
- 09:29 Today Myanmar: Tele Rehabilitation Stroke Program
- 09:41 Commercial Farmimg to GDP Growth, Lady's Fingers Grower
- 09:53 My Life & My Art
- 10:01 News
- 10:27 Kyeik Paw Law Pagoda

### MRTV NRC

- **ချင်း (ချိုး) (၀၆:၀၀ မှ ၀၇:၀၀)** မင်းတပ်မြို့ရဲ့မိုးရာသီအလှပုံရိပ်များ (အပိုင်း-၂)
- **မွန် (၀၇:၀၀ မှ ၀၉:၀၀)** ရှားတောင်းအစွမ်းအုံမခန်း
- **ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)** ပင်လယ်ပျော်တို့နားခိုရာဆီ
- **ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)** ရှမ်းရိုးရာပိန်းပွင့်ချက်
- **'ဝ' (၁၃:၀၀ မှ ၁၅:၀၀)** ပန်လုံမြို့သို့အလည်တစ်ခေါက်
- **ကချင် (၁၅:၀၀ မှ ၁၇:၀၀)** လီဆူရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်
- **ကယား (၁၇:၀၀ မှ ၁၉:၀၀)** ကယားအမျိုးသားတို့၏အဲ့ဒိုပေါ်ပီအကာအကြောင်း
- **ပအိုဝ်းကရင် (၁၉:၀၀ မှ ၂၀:၀၀)** သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း-၄)
- **အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၃)
- **အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)** နည်းမှန်စိုက်ပျိုးဝင်ငွေတိုးသခွားစိုက်ပျိုးနည်း
- **ချင်း (လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)** နာနတ်သီးနှင့်ကျန်းမာရေး

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၀:၄၅ သစ်တောသစ်ပင် ထိန်းသိမ်းကြစို့ ထာဝစဉ်
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၀၀ Next Level
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'သိလျက်နဲ့ထိမ်ချန်မှု'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ အင်ဒိုနီးရှားနိုင်ငံ၏အဂတိတိုက်ဖျက်ရေးအကြောင်း
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၃)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၅ ဒရမ်းချဉ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေး တောင်သူများနှင့်ဆွေးနွေးပေး
- ၀၇:၀၀ စိုက်ပျိုးရေးရာအမြေ့ရှာ
- ၀၇:၁၅ တန်ဖိုးမြင့်ထုတ်ကုန် ဖွဲနုဆီအစွမ်း
- ၀၈:၁၅ ပိုးစာစိုက်တဲ့မြေ၊ ပိုးထည်ဝတ်တဲ့ပြည်
- ၀၈:၄၅ သုတဝေစည်တောင်သူဆီ
- ၀၉:၁၅ လုပဝေစည်ရှမ်းတို့ပြည်
- ၀၉:၅၀ တောင်သူများပါဝင်ဆင်နွှဲ နိုင်ငံတကာလယ်ယာသုံးစက်ကိရိယာပြပွဲ

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း/ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၁၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကတ်ဘောအက်ဆေး'
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel တို့ နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၅)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $ နှင့် UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်

နေပြည်တော် ဇူလိုင် ၁၅

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS(စာတို)ဖြင့် လှူဒါန်းငွေများ ပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ် ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်(၅)နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## လားရှိုးမြို့၊ လဟယ်မြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ ရပ်ကွက်/ ကျေးရွာများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ နတ်ရေကန်သောဘိတာရာမပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

### ဆောင်ရွက်ပေး

ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၃၈ ပါး၊ သာသနာ့နွယ်ဝင် သီလရှင် ၁၂၃ ပါးနှင့် ဒေသခံပြည်သူ ၂၉ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးကာ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန်လိုအပ်သည့် သာသနာ့နွယ်ဝင် သီလရှင် ၁၁၉ ပါးတို့ကို ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ် စံပြကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၈၆ ဦးတို့ကို သွေးတိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမှတ်(၆) ရပ်ကွက်ရှိ ရှင်အရဟံသိမ်တော်၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး ၁၀၀၊ သာသနာ့နွယ်ဝင် သီလရှင်




အပါး၂၀ နှင့် ဒေသခံပြည်သူ ၁၆၅ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ဆက်လက်၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် လိုအပ်သည့် သံဃာတော် ၁၂၆ ပါးနှင့် ဒေသခံပြည်သူ ၅၆ ဦးတို့ကို ဆေးကုသရေးအဖွဲ့၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဝတ္ထုတို

## ■ ပိုင်ဆု(ပညာရေး)




(၁)

"သမီးတို့..ဒါ..အမေ အခုလက်ထပ်လိုက်တဲ့ ဦးကျော်စွာပဲ၊ သမီးတို့ ဦးကျော်စွာကို အဖေတစ်ယောက်လို သဘောထားပြီး ဆက်ဆံရမယ်နော်"

မသန္တာ၏ စကားအဆုံးမှာ သမီးကြီး ဇင်မာနှင့် သမီးလတ်သူဇာတို့သည် ဘာမှ ပြန်မပြောဘဲ မကျေနပ်သည့်ဟန်ဖြင့် ထိုင်နေရာမှ ထထွက်သွားတော့သည်။ သမီးငယ်လဲ့လဲ့သာ မသန္တာအနားတွင် ထိုင်ပြီး ဘာမှနားမလည်သည့်ပုံစံလေးဖြင့် ကျန်နေခဲ့သည်။ ကိုကျော်စွာအနေနှင့်လည်း ထိုသို့တုံ့ပြန်မှုမျိုးကို ကြိုတင်ပြီး မျှော်လင့်ထားပေမယ့်လည်း တကယ်တမ်း ကြုံတွေ့ရသောအခါ ရင်ထဲတွင်တော့ မကောင်းပေ။ မသန္တာသည်လည်း ကိုကျော်စွာအား အားနာနေမိသည်။

"ကလေးတွေဆိုတော့ အဲဒီလိုပဲ ကိုကျော်စွာရယ်၊ သမီးကြီးက ရှစ်တန်းရောက်ပြီလေ၊ သမီးလတ်ကလည်း ခြောက်တန်းဆိုတော့ သူတို့အရွယ်လေးတွေကသိတဲ့အတိုင်းပဲလေ၊ ကိုကျော်စွာကို အားနာလိုက်တာ"

"ရပါတယ် သန္တာရယ်၊ ကလေးတွေပဲ ကိုယ်က နားလည်ပါတယ်၊ ကိုယ်ကသူတို့ အမေကို သူတို့ဆီကနေ လုယူတယ်လို့ သူတို့ကထင်နေတာကိုး၊ ဒါနဲ့သမီးအငယ်လေးကရော ကျောင်းတက်ပြီလား"

"မတက်သေးဘူး ကိုကျော်စွာ၊ သူကအခုမှ လေးနှစ်ပဲရှိသေးတာ"

ကိုကျော်စွာလည်း အငယ်ဆုံးသမီးလေးအားပြုံးပြလိုက်သည်။ ကလေးမလေးကလည်း ကိုကျော်စွာကို ပြန်ပြုံးပြတာကို မြင်လိုက်ရတော့ မသန္တာလည်း တစ်ယောက်တော့အဆင်ပြေလို့ တော်ပါသေးရဲ့ဟုတွေးပြီး သက်ပြင်းချလိုက်မိသည်။

(၂)

"စိတ်ညစ်တယ်သူဇာရယ်၊ အမေကလည်း ဘာဖြစ်လို့များ နောက်အိမ်ထောင်ပြုရလဲမသိပါဘူး၊ ပထွေးတွေဆိုတာ ကောင်းတာမှမဟုတ်တာ"

"ဟုတ်ပ့ါမကြီးရယ်၊ ဒါပေမဲ့လည်း အမေ့မှာ အကြောင်းတစ်ခုခုတော့ရှိမယ် ထင်တယ်"

"အို... ဘယ်လိုအကြောင်းဖြစ်ဖြစ် အမေနောက်အိမ်ထောင်ပြုတာ မှားတာပဲဟာ"

အခန်းထဲတွင် ညီအစ်မနှစ်ယောက်ပြောနေသောစကားများကို ကိုကျော်စွာ အမှတ်တမဲ့ဖြင့် ကြားလိုက်ရခြင်းဖြစ်သည်။ ဆက်နားထောင်နေ၍လည်း မသင့်တော်သောကြောင့် မသိဟန်ဆောင်ရင်း အိမ်ရှေ့သို့သာ ထွက်ထိုင်နေလိုက်သည်။ ကလေးတွေပြောတာလည်း မမှားပေ။ ပထွေးအများစုသည် မကောင်းကြသလို ရုပ်ရှင်တွေ၊ စာအုပ်တွေထဲတွင်လည်း ပထွေးဇာတ်ကောင်နေရာသည် အမြဲလို လူမိုက်ကြီး၊ လူယုတ်မာကြီးအဖြစ် ဖန်တီးပုံဖော်လေ့ရှိသောကြောင့် ကလေးတွေ၏ အသိထဲတွင် စွဲ၍ကပ်ပါလာခြင်းဖြစ်သည်။

သူ၏ စေတနာမှန်လျှင် တစ်နေ့ရောင်ပြန်ဟပ်လာမည်ဟုသာ ကိုကျော်စွာ တွေးရင်းဖြေသိမ့်လိုက်သည်။ တကယ်တော့ မသန္တာနှင့်သူသည် ငယ်ရည်းစားများဖြစ်ကြသည်။ ကံမပါ၍ ဖူးစာလွဲခဲ့ရသူများလည်း ဖြစ်သည်။ မသန္တာသည် မိဘသဘောတူသူ ကိုအောင်မျိုးနှင့် လက်ထပ်လိုက်ရပေမယ့်လည်း အိမ်ထောင်ဖက်အပေါ်သစ္စာရှိခဲ့သည်။ ကိုအောင်မျိုးသည်လည်း မိန်းမနှင့်သမီးများအပေါ် တာဝန်ကျေပြီး သစ္စာရှိသော ခင်ပွန်းကောင်းတစ်ယောက်ဖြစ်မှန်း ကိုကျော်စွာ ကြားသိခဲ့ရသည်။ သို့သော်လည်း အပေါင်းအသင်းများအပေါ် စေတနာလွန်ကဲပြီး သဘောကောင်းလွန်းသော ကိုအောင်မျိုးသည် လူယုံသတ်၍သေသည်ဆိုသည့်အတိုင်း စီးပွားပျက်ခဲ့ရသည်။ သမီးအငယ်ဆုံးလေး တစ်နှစ်အရွယ်မှာပင်ကိုအောင်မျိုးသည် ကားတိုက်ခံရပြီး အသက်ဆုံးရှုံးသွားခဲ့ရသည်။ ကိုအောင်မျိုးမရှိတော့သည့်နောက်ပိုင်း မသန္တာသည်သမီးသုံးယောက်အတွက် အလုပ်လုပ်ရင်း ခက်ခဲစွာရပ်တည်ခဲ့ရသည်။ မမျှော်လင့်ဘဲ ကိုကျော်စွာနှင့် ပြန်ဆုံခဲ့ရာမှ ကိုကျော်စွာသည် မသန္တာတစ်ယောက်တည်းအတွက် မဟုတ်ဘဲ သမီးသုံးယောက်အတွက်ပါ စဉ်းစားပြီး မသန္တာတို့မိသားစုလေးအတွက် သူ့ဘဝကိုပုံအပ်ဖို့ တောင်းဆိုခဲ့တော့သည်။ မသန္တာသည်လည်း ကိုကျော်စွာကို ယုံပေမယ့် သမီးလေးတွေအတွက်စဉ်းစားပြီး ငြင်းခဲ့သည်။ နောက်ဆုံးတော့လည်း မိန်းမသားတွေချည်းပဲ နေထိုင်နေရသည့်ဘဝထဲ အားကိုးအားထားရမည့်ယောကျ်ားသားတစ်ဦး လိုအပ်လာသည့်အတွက် လက်ခံခဲ့ခြင်းသာဖြစ်သည်။

(၃)

"သမီးဇင်မာ ကျောင်းသွားတော့မလို့လား၊ ကျောင်းအတွက်ဘာတွေလိုအပ်သေးလဲ"

"ဘာမှမလိုဘူး၊ လိုရင်လည်း အမေရှိပါတယ်၊ ဦးလေးစိတ်မပူပါနဲ့"

စကားကို ခပ်ဆတ်ဆတ်ပြောရင်း ထွက်သွားသော သမီးကြီးဇင်မာအား ကိုကျော်စွာအပြစ်မတင်လိုပါ။ တစ်ချိန်ကျရင်တော့ သူ့စေတနာတွေသိကောင်း သိလာပါရဲ့ဆိုပြီးသာ တွေးလိုက်သည်။

သမီးလတ်သူဇာသည် ကျောင်းသွားရန် ထွက်မလာသေးသည့်အတွက် ကိုကျော်စွာစိတ်ပူနေမိသည်။ မသန္တာကတော့ အိမ်နောက်ဖေးရေချိုးခန်းထဲတွင် အဝတ်လျှော်နေသည့်အတွက် ဘာမှမသိပေ။ ခဏနေကျတော့ သူဇာထွက်လာသည်။ သူဇာ၏မျက်နှာတွင် တစ်စုံတစ်ခုကို စိုးရွံ့နေသလိုဖြစ်နေသည်ကို ကိုကျော်စွာ သတိထားမိလိုက်သည်။

"သမီးသူဇာ ဘာဖြစ်လို့လဲ"

"ဟို...သမီးကို ကျောင်းကမိဘခေါ်ခိုင်းလိုက်လို့၊ မနေ့ကကျောင်းမှာသူငယ်ချင်းနဲ့ ရန်ဖြစ်တာ သမီးကဘောပင်နဲ့ သူ့လက်ကိုထိုးမိလိုက်တာ၊ အဲဒါ ဆရာမက မိဘကိုခေါ်လာခဲ့ဆိုလို့"

"ဪ...သမီးရယ်...ဒါများရန်ဖြစ်တာအဆန်းမှမဟုတ်တာ၊ ဒါပေမဲ့ နောက်မဖြစ်အောင် သမီးက နောက်ဆို သူငယ်ချင်းတွေနဲ့ ချစ်ချစ်ခင်ခင်နေရမယ်နော်၊ သည်းခံတတ်တဲ့စိတ်ကလေးကိုလည်း သမီးကမွေးရမယ်၊ ကဲ...သမီးအမေကို သွားခေါ်ပေးမယ်...ခဏ"

"ဟို့.ဟို့..အမေ့ကို မခေါ်ပါနဲ့၊ အမေသိရင် သမီးကိုရိုက်မှာ သမီးကြောက်တယ်"

"ဒါဆို...သမီးဘယ်လိုလုပ်မလဲ"

"ဟို...အမေမပါလည်း အဖေခေါ်သွားရင်တော့ ရလောက်မယ်ထင်တယ်... ဒါကြောင့်"

သမီးလတ်သူဇာ၏ စကားကြောင့် ပြုံးမိသလို ပီတိလည်းဖြစ်ခဲ့ရသည်။ ထို့ကြောင့် မဆိုင်းမတွပင် ပြန်ပြောလိုက်တော့သည်။

"ဒါဆိုရင်...သမီးကျောင်းကို ဦးလိုက်ခဲ့..အဲ...အဖေလိုက်ခဲ့ပေးမယ်၊ သမီးဆရာမနဲ့ အဖေလိုက်တွေ့ပေးမယ် ဟုတ်ပြီလား၊ သမီးအမေကိုလည်း ပြန်မပြောဘူး.ဟုတ်ပြီလား..ကဲ..ကျောင်းသွားကြမယ်"

ထိုတော့မှ သူဇာလေးလည်း ပြုံးရွှင်သွားနိုင်တော့သည်။ ကိုကျော်စွာလည်း သူဇာလေး၏ လွယ်အိတ်ကိုယူကာ သူ၏ ပခုံးတွင်ချိတ်လိုက်သည်။ ထို့နောက် သူဇာလေး၏ လက်ကိုဆွဲကာ ကျောင်းသို့ အဖေနေရာအဖြစ် လိုက်သွားခဲ့တော့သည်။

(၄)

"သမီး..သမီးကိုအမေပြောစရာရှိတယ် လာထိုင်ဦး"

မသန္တာတစ်ယောက် ခြံထဲရှိခုံတန်းလေးတွင်ထိုင်၍ သမီးကြီးဇင်မာအား လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။ ဇင်မာသည် မသန္တာအနားသို့ ဝင်ထိုင်လိုက်သည်။

"အမေ...သမီးကို ဘာပြောစရာရှိလို့လဲ"

"သမီး ဘာတွေဖြစ်နေတာလဲဆိုတာ အမေသိတယ်၊ အမေနားလည်တယ်၊ ဒါပေမဲ့ သမီးအကြီးဆုံးဖြစ်တဲ့သူက အမေ့ကို နားမလည်နိုင်တာတော့ အမေစိတ်မကောင်းဘူး"

"အမေရယ် အမေစိတ်ချမ်းသာသလို လုပ်ပြီးပြီပဲ၊ သမီးဘာပြောနေလို့လဲ"

"အမေ စိတ်ချမ်းသာဖို့ဟုတ်လား၊ အဲဒီကတည်းက နင်လွဲနေတာပဲ၊ ငါ တစ်ယောက်တည်းအတွက် ကြည့်ပြီး ငါက နောက်လင်ယူခဲ့တာမဟုတ်ဘူး၊ အေး..ငါ့သမီးတွေအတွက်၊ ငါ့သမီးတွေရဲ့ ရှေ့ရေးအတွက် ယုံကြည်စိတ်ချရမယ့်သူကို ငါရှာဖွေခဲ့ရတာပါ၊ နင်တို့အဖေမရှိတော့တဲ့နောက်ပိုင်း သုံးနှစ်လုံးလုံး ငါဘယ်လောက်ပင်ပန်းခဲ့လဲ၊ နင်တို့တွေ ဘယ်လိုခက်ခဲခဲ့လဲ နင်အသိဆုံးပါ ဇင်မာရယ်"

"သမီးသိပါတယ်၊ ဒါပေမဲ့ ပထွေးကပထွေးပဲလေ"

"ဟုတ်ပါတယ် ပထွေးကပထွေး ဆိုပေမယ့် အဖေစိတ်ရှိတဲ့ပထွေးဆိုတာ ရှာမရှိရတော့ဘူးလား၊ တကယ်တော့သူက လူပျို၊ သူကသာ ကလေးသုံးယောက် အမေကိုယူလို့နစ်နာခဲ့ရသူပါ၊ သူကိုယ်တိုင်က နင်တို့အတွက် စဉ်းစားပေးပြီး ငါ့ကို ကမ်းလှမ်းခဲ့တဲ့သူပါ၊ အေး..သူ့စိတ်ဓာတ် နင်တို့မသိပေမယ့် ငါနဲ့သူက ငယ်ငယ်လေးကတည်းက သိခဲ့တာ၊ ငါ့သမီးတွေကို ထိခိုက်မယ့်လူကို ငါရွေးချယ်ပ့ါမလား"

မသန္တာစကားကြောင့် ဇင်မာတွေဝေသွားသည်။ အမေဖြစ်သူမသန္တာ ဘယ်လောက် ပင်ပန်းခဲ့လဲဆိုတာကိုလည်း ဇင်မာသိပါသည်။ သူ့ရဲ့စိတ်ခံစားမှုတစ်ခုတည်းနှင့် ပထွေးဆိုသည့်နာမ်စားကို အမုန်းဖြင့် ပုံစံသွင်းထားခဲ့မိသည်။ အငယ်မနှစ်ယောက်ကတော့ ပထွေးဖြစ်သူနှင့် အဆင်ပြေနေပြီး သူကသာ တစ်ကိုယ်ကောင်းဆန်နေမြဲ ဖြစ်သည်။ ပထွေးဖြစ်သူသည် ကုမ္ပဏီအလုပ်တစ်ဖက်နှင့် ကြားထဲက သူတို့မိသားစုကို ဂရုစိုက်တာကိုတော့ သတိထားမိပါသည်။ သို့ပေမယ့်လည်း ဘာမှမပြောချင်တော့သောကြောင့် အမေ့အနားမှ ထထွက်ခဲ့တော့သည်။

(၅)

"သမီးတောင်းပန်ပါတယ် အမေနဲ့ အဖေ"

မမျှော်လင့်ထားဘဲ ဇင်မာ့ဆီက တောင်းပန်စကားကြောင့် ကိုကျော်စွာရော မသန္တာပါ ဝမ်းသာအံ့သြမှုဖြစ်ခဲ့ရသည်။

"ရပါတယ် သမီးရယ်၊ ဦးကလည်း.. အဲ..အ.အဖေကလည်း သမီးတို့ဘဝကြီးထဲကို ချက်ချင်းရောက်လာမိတာကိုး၊ အဖေကသမီးတို့သုံးယောက်လုံးရဲ့ အဖေရင်းမဟုတ်ပေမယ့် ဖခင်စိတ်အပြည့်နဲ့ သမီးတို့အားလုံးကို အဖေကသမီးတို့ ကြည်ဖြူသည်ဖြစ်စေ၊ မကြည်ဖြူသည်ဖြစ်စေ တာဝန်ယူစောင့်ရှောက်သွားမှာပါ"

"ဟုတ်ကဲ့ အဖေ၊ သမီးနားလည်ပါပြီ၊ သမီးကိုဆရာမကပြောတယ်၊ မိတ္တူကူးထားတဲ့စာရွက် တစ်ရွက်က မူရင်းဖြစ်မလာနိုင်ပေမယ့် မူရင်းမရှိတော့တဲ့အခါ မူရင်းအတိုင်းလည်း အသုံးဝင်နိုင်တယ်တဲ့၊ အဖေက သမီးတို့အတွက် မူရင်းအတိုင်း တန်ဖိုးရှိတဲ့ အဖြူရောင်မိတ္တူတစ်ရွက်ဆိုတာ သမီးသိပါပြီ၊ နောက်ပြီး အဖေနဲ့အမေ မပြောပေမယ့် ဆရာမဆီကတစ်ဆင့်သိပြီးပါပြီ။ သမီး မနှစ်က သွေးအားနည်းပြီး မူးလဲတုန်းက သွေးလိုလို့ သမီးကိုသွေးလှူပေးတဲ့သူက အဖေဦးကျော်စွာပဲတဲ့၊ သမီးအမှားတွေအတွက် တောင်းပန်ပါတယ် အဖေ"

ဇင်မာသည် ကိုကျော်စွာနှင့်မသန္တာကိုထိုင်၍ကန်တော့သောအခါ အငယ်မလေးနှစ်ယောက်ကလည်း ဝင်ကန်တော့ကြသည်။ မသန္တာသည်လည်း အရာအားလုံး ပြေလည်သွားသည့်အတွက် ပြုံးရွှင်နေမိသည်။ အဖြူရောင်မိတ္တူတစ်ရွက်ဖြစ်သော ကိုကျော်စွာ၏မျက်ဝန်းအိမ်မှာတော့ မျက်ရည်စတွေနှင့်။ သေချာပါသည်။ ပီတိမျက်ရည်များသာ ဖြစ်ပါလိမ့်မည်။ ။

## မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများ ပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## အာဇာနည်မြတ် မမေ့အပ်

☆ လွမ်းဆွတ်တမ်းတ မျက်ရည်ဖြာ
ဇူလိုင်ဆယ့်ကိုးမှာ၊
ကိုးဦးဇာနည် ဝိညာဉ်မဲ့
သွေးတို့မြေခခဲ့။

☆ ဘာမထီတဲ့ သာကီဝင်
ခေါင်းဆောင်ကောင်းများပင်၊
သမိုင်းတွင်ကာ မော်ကွန်းထိုး
ပြည်ချစ်ဇာနည်မျိုး။

☆ ဇူလိုင်မိုးနဲ့ မျက်ရည်ပြိုင်
လွမ်းရ ယနေ့တိုင်၊
မော်ကွန်းခိုင်မာ ပြည်ချစ်ပန်း
မညှိုးရင်မှာလန်း။

☆ ဗိုလ်ချုပ်အောင်ဆန်း မျိုးချစ်သူ
ဦးဆောင်ထမ်းရွက်ယူ၊
လမ်းစဉ်မှုတွေ ချမှတ်ပေး
တိုင်းပြည်လွတ်လပ်ရေး။

☆ ရှေးရှုတွေးခဲ့ တို့ပြည်ထောင်
ငြိမ်းချမ်းမှုဖော်ဆောင်၊
သတ္တိထွန်းပြောင် ပုဂ္ဂိုလ်ထူး
အာဇာနည်ကိုးဦး။

☆ ဂုဏ်ကျေးဇူးမြတ် ရင်မှာလေ
အမြဲဦးညွှတ်နေ၊
ယနေ့တိုင်ပေ အစဉ်မမေ့
အာဇာနည်များနေ့။ ။

မောင်ရင်အေး(ပတ္တမြားမြေ)

ဆောင်းပါး

# အမှန်မမြင်စေနိုင်သော "မာန်"

**■ စောပဏ်**

လျှပ်ပေါ်ခြင်း၊ လိုချင်ခြင်း၊ ထောင်လွှားခြင်း၊ မာန်မူခြင်း စသည်ကို မာန်(မာန)ဟု ခေါ်၏။

ငါ့လောက်မသိဘူး ဟူသော "ပညာမာန်"၊ ငါ့လောက်မရှိဘူး ဟူသော "ဓနမာန်"၊ ငါတို့အမျိုးက ဘာ ဟူသော "ဇာတိမာန်"၊ ငါ့လောက် မလှဘူး ဟူသော "ဝဏ္ဏမာန်"၊ ငါက ကျန်းမာတယ် ဟူသော "ခန္ဓမာန်"စသည့် မာန်(မာန)တစ်ပါးပါးက တင်းခံထားနေပြီဆိုပါလျှင် တစ်ဖက်က ယုတ်သည်ဖြစ်စေ၊ မြတ်သည်ဖြစ်စေ မိမိဘက်က အကောင်းကို မမြင်ပေးနိုင်တော့ပေ။

ဘုရားရှင်ကို သော်ပင် အထင်မကြီးနိုင်၊ မလေးစားနိုင်ဘဲ ဖြစ်နေတတ်ရကား ဘုရားမသိ၊ တရားမသိ၊ သံဃာမသိသော အရိုင်းစိုင်းဘဝသို့ ရောက်ရတတ်၏။

**မာန်ခံနေပြီဆိုပါလျှင် ဘုရားရှင်ကိုသော်ပင် အထင်မကြီးနိုင်၊ မလေးစားနိုင်ဘဲ အထင်သေး အမြင်သေးပင် ဖြစ်နေတတ်ရကား ဘုရားမသိ၊ တရားမသိ၊ သံဃာမသိသော အရိုင်းစိုင်းဘဝသို့ ရောက်ရတတ်သည်ဖြစ်ရာ အမှန်ကို အမှန်အတိုင်း မသိမမြင်စေနိုင်သော "မာန်၊ မာန"များကို ဖယ်ရှားရှင်းလင်းနိုင်ကြပါစေ**

ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဘုရားဖြစ်တော်မူပြီးသော် ပဉ္စဝဂ္ဂီငါးပါး၊ ယသသူဌေးသားနှင့် အပေါင်းပါ ၅၅ တို့ကို တရားအမြိုက်တိုက်ကျွေးတော်မူ၍ ရဟန္တာဖြစ်စေတော်မူပြီးနောက် ရသေ့ညီနောင် ရှင်တစ်ထောင်ဟု ထင်ရှားကျော်ကြားသော "ဥရုဝေလကဿပ"တို့ကို "ဓမ္မအမြင်ဖွင့် တရားအသိအမြင်"ပေးတော်မူရန် "ဥရုဝေလကဿပ"တို့ရှိရာသို့ ကြွချီတော်မူ၏။

"ဥရုဝေလကဿပ"တို့ရှိရာသို့ ရောက်သော် ဗုဒ္ဓမြတ်စွာသည် "ဥရုဝေလကဿပ"တို့၏ မာန်(မာန)ကို နှိမ့်ချဆုံးမသောအားဖြင့် တန်ခိုးပြခြင်းများစွာကို ဖန်ဆင်းပြသတော်မူရ၏။

တန်ခိုးများစွာကို တစ်ခုပြီးတစ်ခု ဖန်ဆင်းပြသပါသော်လည်း "ဥရုဝေလကဿပ"တို့က မာန်မချ။

တန်ခိုးတစ်ခု တစ်ခု ပြပြီးတိုင်း ပြပြီးတိုင်းတို့၌ "ဥရုဝေလကဿပ" က ...."ဟ တန်ခိုး အာနုဘော်က ကြီးပါ့ကွ၊ ဒါပေမဲ့ ငါလို ရဟန္တာတော့ မဟုတ်သေးဘူး"ဟူ၍သာ မာန်ဖြင့် ငြင်းဆန်နေ၏။

**မဟိဒ္ဓိကော ခေါ မဟာသမဏော မဟာနုဘာဝေါ, နတွေဝ စ ခေါ အရဟာ ယထာ"**

[ဝိနည်းမဟာဝါ၊ နှာ - ၃၃]

သော မဟာသမဏော - ထိုရဟန်းကြီးသည်၊ မဟိဒ္ဓိကော- ကြီးသောတန်ခိုး ရှိပါပေစွ။ မဟာနုဘာဝေါ - ကြီးသောအာနုဘော် ရှိပါပေစွ။ စ ခေါ - ထိုသို့ပင် ဖြစ်ပါသော်လည်း။ အဟံ ယထာ - ငါကဲ့သို့ (ငါ့လိုတော့)၊ န တွေဝ အရဟာ - ရဟန္တာကား မဟုတ်သေး။

[မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ ၎င်းမဟာဝါ ပါဠိတော် နိဿယ၊ နှာ - ၄၆၇]။

(ဥရုဝေလကဿပ စသော ရသေ့တို့ကို ဆုံးမရာ၌ ပြာဋိဟာပေါင်းကား တစ်ထောင့်ငါးရာ့ ခြောက်ပါးရှိသတည်း။)

[ဇိနတ္ထပကာသနီ၊ နှာ-၁၃]

ထိုသို့ ဥရုဝေလကဿပတို့ကို ဆုံးမရာ၌ တန်ခိုးပြာဋိဟာပေါင်း တစ်ထောင့်ငါးရာ့ ခြောက်ပါးဖြင့် ဆုံးမ နှိပ်ကွပ်ခဲ့ပါသော်လည်း တန်ခိုးပြတိုင်း ပြတိုင်းတို့၌ "ဥရုဝေလကဿပ" က ....

"ဟ! တန်ခိုး အာနုဘော်က ကြီးပါ့ကွ၊ ဒါပေမဲ့ ငါလို ရဟန္တာတော့ မဟုတ်သေးဘူး"ဟူ၍ဖြင့်သာ မာန်တင်းခံလျက်ရှိသည်ဖြစ်ရာ "ဥရုဝေလကဿပ" သည် ဘုရားရှင်ကို မျက်မှောက်ထင်ထင် ဖူးမြင်နေရ၊ စကားစမြည်ပြောဆိုနေရပါသော်ငြားလည်း ဘုရားရှင်ကို ဘုရားမှန်းမသိ၊ ဘုရားရှင်ကိုပင် မိမိလောက်မသိ၊ မိမိလောက် မတတ်၊ မိမိလောက်ပင် မမြတ်၊ မိမိလို ရဟန္တာမဟုတ် ဟူ၍ အကျော့ရှင်း(လိပ်ပြာသန့်)လျက်သာ ရှိနေခဲ့၏ ။

မာန်(မာန)တစ်ပါးပါးက တင်းခံထားနေပြီဆိုပါလျှင် တစ်ဖက်က ယုတ်သည်ဖြစ်စေ၊ မြတ်သည်ဖြစ်စေ မိမိဘက်က အကောင်းကို မမြင်ပေးနိုင်တော့၊ အမှန်ကိုမမြင်စေနိုင်တော့ဘဲ ကိုယ့်အထင်၊ ကိုယ့်အမြင်ဖြင့်သာ အမှားကို ထွေးပိုက်ကျေနပ်နေရတော့၏။

မာန်ခံနေပြီဆိုပါလျှင် ဘုရားရှင်ကိုသော်ပင် အထင်မကြီးနိုင်၊ မလေးစားနိုင်ဘဲ အထင်သေး အမြင်သေးပင် ဖြစ်နေတတ်ရကား ဘုရားမသိ၊ တရားမသိ၊ သံဃာမသိသော အရိုင်းစိုင်းဘဝသို့ ရောက်ရတတ်သည်ဖြစ်ရာ အမှန်ကို အမှန်အတိုင်း မသိမမြင်စေနိုင်သော "မာန်၊ မာန"များကို ဖယ်ရှားရှင်းလင်းနိုင်ကြပါစေဗျာ ။ ။

## ဆယ့်ကိုးဇူလိုင် မမေ့နိုင်

☆ ဆယ့်ကိုးဇူလိုင် မမေ့နိုင်
လွမ်းရ ယခုတိုင်
မျက်ရည်မခိုင် ဖြိုင်ဖြိုင်ကျ
ဝမ်းနည်းလွန်းပေစွ။

☆ ကျည်ပွင့်သံက မိုးယံဗွေ
ယမ်းခိုးယမ်းငွေ့ဝေ
ငြိုဖျော့မှောင်ခဲ့ပေ စနေနေ့
ငါတို့ဘယ်မမေ့။

☆ အုံ့မှိုင်းပါပေ့ မိုးရိပ်ဆင်
မိုးစက်ဖွဲဖွဲနှင်
လမ်းမပေါ်တွင် ဟိုသည်ပြေး
ရင်တွင်းပူလောင်ဆွေး။

☆ သွေးနီဖုံးလွှမ်း ခန်းမလယ်
လဲကျအသွယ်သွယ်
လုပ်ကြံရက်တယ် မိစ္ဆာများ
ကိုးဦးဇာနည်အား။

☆ ရက်ကိုလစား အချိန်ကြာ
ငါတို့မမေ့ပါ
ဦးညွှတ်ကာနေ မျက်ရည်ဖြိုး
ဇူလိုင်တစ်ဆယ့်ကိုး။

ချစ်စု(ပညာရေး)

## လမြတ်ဝါဆို

❍ ထူးမြတ်တဲ့ လဝါဆို
ရွှေမိုးညို ရွာနေသေး။
လေယူရာ ပန်းရနံ့တို့
သင်းပျံ့လို့မွှေး။

❍ ပုန်းညက်ဆို ပင်လုံးဖွေး
မိုးအေးတဲ့ လရာသီ
ဖူးပွင့်ဝေစီ။

❍ ပျိုလေးတို့ စိတ်ရွှင်ကြည်
ထုံးစေတီ အရောက်သွား။
စေတနာ သဒ္ဓါမြတ်နှင့်
ပန်းကပ်လှူထား။

❍ သုံးလူ့အရှင် မြတ်ဘုရား
ဟောကြားခဲ့ ဓမ္မစကြာ။
ဝါဆိုတွင် ပဉ္စင်းခံကြ
ကျင်းပစဉ်လာ။

❍ ထူးမြတ်တဲ့ အချိန်ခါ
သာသနာ ရောင်ဝါလင်း။
ကျက်သရေ ဂုဏ်တင့်ရှန်း
ထွန်းပလို့ဝင်း။ ။

ခင်နွဲ့မူ (ပုလဲ)

## ဖြူစင်နှလုံး အမြဲကျင့်သုံး

❍ အကြောင်းကံ ဖန်လာသမျှ
တွေ့ဆုံကြ လူ့ဘုံရွာ။
တွေ့ကြုံလာ လူလူချင်း
ရိုင်းပင်းစာနာ။

❍ နှလုံးသားက ဖြူစင်ပါ
မုဒိတာကို ရင်မှာပွား။
မေတ္တာမှန် ရောင်ပြန်ဟပ်ပါလို့
မွန်မြတ်စိတ်ထား။

❍ အားငယ်သူ ကြင်နာသနား
ကိုယ်ကျင့်တရား ကောင်းမွန်လျှင်။
ခရီးတိုတို ဘဝလမ်း
အေးချမ်းကြည်လင်။

❍ ရိုးသားခြင်း ရှေ့တန်းတင်
သောကစင် နှလုံးလှ။
မေတ္တာကို ထာဝရမွေးလို့
ကူညီဖေးမ။

❍ အတ္တတွေ ခဝါချလို့
မာန်မာန ဖယ်ရှောင်ခွာ။
ကျင်လည်ရာ ခရီးလမ်း
အေးချမ်းသာယာ။

❍ သန့်ရှင်းသော စေတနာ
ချစ်မေတ္တာ စိတ်နှလုံး။
ကရုဏာ အပြုံးလေးနဲ့
မွေးမြူကျင့်သုံး။

မင်းဝေအောင်(ရဲကျွန်း)

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်



နေပြည်တော် ဇူလိုင် ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**ပြန်လည်လက်ခံ**

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သတင်းထုတ်ပြန်ဖိတ်ခေါ်၍ ကြိုဆိုလက်ခံကာ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနယ်မြေများအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိသည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်လက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်တာဝန်ရှိသူများ၊ ပြန်လည်အလင်းဝင်လာသည့် PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများနှင့် အသိပညာပေးခြင်းများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်နှင့် အမရပူရမြို့နယ်တို့မှ ပြစ်မှုကျူးလွန်ခြင်းမရှိသည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်အမျိုးသား ရှစ်ဦးတို့အား တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုး စေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၅

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဇူလိုင် ၁၃ ရက်၌ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Theinge Kyaw” အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် အလယ်ပိုင်းရပ်ကွက်နေ သိင်္ဂီကျော်အား နံနက် ၁၁ နာရီ ၄၀ မိနစ်အချိန်တွင်လည်းကောင်း၊ “Ko Zay” အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်မေတ္တာ(က)ရပ်ကွက်နေ ဇေယျာ(ခ)ကိုဇေအား မွန်းလွဲ ၂ နာရီ မိနစ် ၅၀ အချိန်တွင်လည်းကောင်း၊ “Ye Sithu Lwin(ဆရာလေးရှိန်း)” အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြို့ဟောင်းအလယ်ရပ်ကွက်နေ ရဲစည်သူလွင်(ခ)ဆရာလေးရှိန်းအား နံနက် ၉ နာရီခွဲအချိန်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၇-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၀ | ၂၁၅၀ | ၂၁၇၅ | ၂၁၆၀ | ၂၁၃၅ | ၂၂၃၅ | ၂၂၅၀ | ၂၁၄၀ | ၂၁၅၀ | ၂၁၈၅ | ၂၁၉၀ | ၂၁၉၀ | ၂၄၂၀ | ၂၈၂၀ |
| 95 Ron | ၂၂၂၀ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၉၀ | ၂၂၇၅ | ၂၂၅၀ | ၂၃၅၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၅ | ၂၃၀၅ | ၂၃၀၅ | ၂၃၀၅ | ၂၅၃၅ | ၂၉၂၀ |
| HSD (500 ppm) | ၂၀၉၀ | ၂၁၄၀ | ၂၁၃၅ | ၂၁၀၀ | ၂၁၃၅ | ၂၁၆၀ | ၂၁၅၅ | ၂၁၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၁၃၀ | ၂၁၄၀ | ၂၁၇၅ | ၂၁၇၅ | ၂၁၈၀ | ၂၄၁၀ | ၂၉၂၀ |
| HSD (50 ppm) | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၁၅ | ၂၂၄၀ | ၂၂၃၅ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၉၀ | ၂၉၈၀ |
| HSD (10 ppm) | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၁၅ | ၂၂၄၀ | ၂၂၃၅ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၉၀ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၆ | ၂၀၇၀ |
| 95 Ron | ၂၁၀၈ | ၂၁၈၄ |
| HSD (500 ppm) | ၁၉၈၈ | ၂၀၅၇ |
| HSD (50 ppm) | ၂၀၆၂ | ၂၁၃၃ |
| HSD (10 ppm) | ၂၀၆၂ | ၂၁၃၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၉၃၉ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၅-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄-၇-၂၀၂၃)ရက်နေ့၊ ည(၈:၀၀) နာရီမှ (၁၅-၇-၂၀၂၃)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၄,၉၃၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၈)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၆) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၄၇,၈၇၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၈၇၃)ဦးရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ(၁၂)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း(၆၁၉,၆၈၁)ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း(၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၃၊ ကေတုမတီလမ်း၊ မြေကွက်အမှတ်-(၃၃၃၂)၊ အကျယ်အဝန်း(၄၀ x၆၀)ပေ၊ ပါမစ်မြေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေယာဌာနတွင် ဒေါ်ထားထား [၁၂/လမတ(နိုင်)၀၀၇၉၅၃] (SGN - ၀၃၄၀၉၁)မှ အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှစာချုပ်အဆက်စပ်များဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဦးဝင်းချစ် [၅/ခတန(နိုင်)၀၀၃၁၉၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဥမ္မာဦး[၉/မရမ(နိုင်)၀၈၃၆၅၃]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့် ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၃) ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သဲစုထွေး ( LL.B, D.B.L, D.M.L, D.I.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၇၃)**
**အမှတ် -၆၂ (ပထမထပ်)၊ အခန်းအမှတ်-၉၊ ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၁၀၂၀၄၁၅၊ ၀၉-၆၇၂၄၄၄၆၅၆**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃) အေးရိပ်သာ(၇)လမ်း၊ မြေကွက်အမှတ် (၁၃၆၆)၊ (၄၀x၆၀)ပေရှိနှစ်(၆၀)ဂရန် မြေကွက်နှင့်နေအိမ် အရောင်းအဝယ်အား ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အထက်ဖော်ပြပါမြေကွက်နှင့်နေအိမ်ကို ဂရန်အမည်ပေါက် ဒေါ်ခင်အေးကြည် (၂/ဒမဆ(နိုင်)၀၀၅၆၁၆) က တရားဝင် ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းပွင့်ဖြူ (၁၂/လမန(နိုင်)၁၄၂၂၇၈)က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားပါမည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဒေါက်တာဆွေဇင်သော်**
LL.B, LL.M, M.Res, Ph.D တရားလွှတ်တော်ရှေ့နေ (စဉ်-၉၃၀၀)
အမှတ်-၃၆၁၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph : 09 5174628

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ဦးသန်းအုန်း[၁၂/မရက(နိုင်)၀၆၃၅၅၇]နှင့် ဒေါ်သိန်းသိန်းရီ[၁၂/ကမရ(နိုင်)၀၁၄၉၆၇]တို့ (၂)ဦး ပူးတွဲ အမည်ပေါက်ပိုင်ဆိုင်သော-

**ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အမှတ်(၉၅၇)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၃၃-သမိုင်း)၊ မြေကွက်အမှတ်(၈/က၂)၊ ဧရိယာ(၀.၁၀၁၃)ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေအမျိုးအစား မြေကွက်နှင့် BN အဆောက်အဦ (၂)လုံးအပါအဝင် ဆက်နွှယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**ကို မိမိတို့(၂)ဦးပူးတွဲ အမည်ပေါက် ပိုင်ဆိုင်လက်ရှိဖြစ်ကာ အရှုပ်အရှင်းကင်းသော မြေကွက်ဖြစ်၍ ရောင်းချခွင့်ရှိကြောင်း၊ စီမံခန့်ခွဲခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ ကတိပြု ပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေ ဦးဗိုလ်သောင်းမြင့်(ဘ-ဦးဘအေး)[၁၂/မဂတ(နိုင်)၀၇၂၈၀၀]သို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ရောင်းချသူများထံ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူမည်သူမဆို မြေကွက်နှင့်သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေအောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**အမှတ်-၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၃၇၅၊ မြေကွက်တည်နေရာအမှတ်(၃၇၅)၊ ၈-လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်(ဒေါ်ပွင့်လေးနွယ် (L/RGN-008001)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ပွင့်လေးနွယ် (အစ်မ) အပျိုကြီးဘဝဖြင့် (ကွယ်လွန်)သဖြင့် ဦးဟုတ်ဝီ[၁၂/ဥကတ(နိုင်)၀၁၅၁၅၃]မှ မောင်နှမတော်စပ်ကြောင်းနှင့် ကိတ္တိမသား/သမီးမွေးစားထားခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ(၁၀၇၄/၂၃)(၉-၁-၂၀၂၃) ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ ဦးဟိုရှမ်းနှင့် ဦးဝမ်ဟိုရှမ်းတို့မှာ လူပုဂ္ဂိုလ်အားဖြင့် တစ်ဦးတစ်ယောက်တည်းသာလျှင်ဖြစ်သည်မှာ မှန်ကန်ကြောင်းနှင့် ဦးဟုတ်ဝီ၏ အဖအမည်မှန်မှာ ဦးဝမ်ဟိုရှမ်းသာဖြစ်ပါကြောင်း ကျမ်းကျိန်လွှာ(၇၀၉/၂၀၂၃)(၅-၆-၂၀၂၃)၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း

မော်တော်ယာဉ်/မော်တော်ဆိုင်ကယ်ယာဉ်အမှတ်-9P/5281 ယာဉ်လက်ဝယ်ရှိသူအမည်- BAWM MYANG Co,Ltd မှယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ တင်ပြသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃ F- ၃၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၂၅၆/၂၆၆) မြေကွက်ပေါ်တွင်တည်ဆောက်ထားသည့် (၂)ခန်းတွဲ၊ RC(၁၂)ထပ်တိုက်၊ (၅)လွှာ၊ ခေါင်းရင်းအခြမ်း၊ အခန်းအမှတ်(5-A)၊ အကျယ်အဝန်း (အလျား ၂၅ပေ x အနံ ၆၀ပေ)ရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို **"(၃-၁-၂၀၀၅) ရက်စွဲပါ အခန်းပျောက်အရောင်းအဝယ်ကတိစာချုပ်"**ဖြင့် ဝယ်ယူထားပြီး ယခုလက်ဝယ်ရှိ ပိုင်ဆိုင်သူ ဒေါ်တင်တင်ဖြူ (PKHG/၀၀၀၁၁၉) [၇/ပမန(နိုင်)၁၁၉၉၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ကွန်ဒိုတိုက်ခန်း၏စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သက်သက်မွန် (LL.B, LL.M, D.B.L, D.I.PL)**
**အထက်တန်းရှေ့နေ (စဉ်-၄၄၀၁၃)**
**အမှတ်(၅၅၇/၅၆၇)၊ အခန်း(၉၀၂)၊ ၉-လွှာ၊ MAC Tower, မဟာဗန္ဓုလပန်းခြံလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-795492660**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ လူနေရပ်ကွက်အမှတ်(၆/၁၄)၊ မလိခလမ်း၊ မြေကွက်အမှတ်(၂၁၆/ခ)၊ ဒေါ်မြင့်ဆွေ အမည်ပေါက်နှစ်(၆၀)ဂရန်ထွက်ရှိထားသော အကျယ်အဝန်း (၂၃ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရေမီးစုံပါ လူနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး ၎င်းမှသာ လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးခင်ဇော်[၁၂/အစန(နိုင်)၁၃၆၉၇၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးလင်း [၁၄/ဒဒရ(နိုင်)၁၄၄၅၉၀]က ဝယ်ယူရန်အတွက် ရောင်းကြေးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်မြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်နှင်းဝေ(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၄၄၆)**
**အမှတ်(၁၈၇)၊ သံတောင်လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉-၉၆၃၆၄၄၅၁၇**

## မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံမြို့ အာနန္ဒာမြတ်စွာဘုရားကြီး၏ လိုဏ်အတွင်းရှိ မတ်ရပ်ဆင်းတုတော်လေးဆူအား ရွှေသင်္ကန်းအသစ်တစ်ဖန်ပြန်လည်ကပ်လှူရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံမြို့ အာနန္ဒာမြတ်စွာဘုရားကြီး၏လိုဏ်အတွင်းရှိ မတ်ရပ်ဆင်းတုတော်ကြီးလေးဆူအား ရွှေသင်္ကန်း အသစ်တစ်ဖန် ပြန်လည်ကပ်လှူပူဇော်သွားမည်ဖြစ်ပါသည်။ မျက်ပါးရွှေဆိုင်းအရေအတွက်(၂၅၀၀)ဝယ်ယူသွားမည်ဖြစ်ပါသဖြင့် (၂" x၂")ပတ်လည် ရွှေဆိုင်းနမူနာနှင့်အတူ ချိပ်ပိတ်တင်ဒါတင်သွင်းနိုင်ပါသည်။

(က) ချိပ်ပိတ်တင်ဒါ တစ်စုံလျှင် (၂၀၀၀၀/-) နှုန်းဖြင့် (ပထမဝါဆိုလဆုတ် ၁၄ရက်) ၁၆-၇-၂၀၂၃ ရက်မှစ၍ ဂေါပကရုံးခန်းတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(ခ) လျှောက်လွှာနှင့်အတူ ချိပ်ပိတ်တင်ဒါကို (၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုဆန်း ၃ ရက်) ၂၀-၇-၂၀၂၃ ရက်တွင် စတင်လက်ခံပါမည်။
(ဂ) တင်ဒါလျှောက်လွှာများကို (၁၃၈၅ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ရက်) ၁၄-၈-၂၀၂၃ ရက် နံနက် (၁၁:၀၀)နာရီ နောက်ဆုံးထား တင်သွင်းရမည်။ (တင်ဒါလျှောက်လွှာနှင့် အတူ မှတ်ပုံတင်မိတ္တူ၊ သက်တမ်းရှိသောလုပ်ငန်းလိုင်စင်(၃)နှစ်စာ အခွန်ဆောင်ထားသည့် အမြတ်ခွန်ပြေစာမိတ္တူ ပူးတွဲ တင်ပြရမည်။ )
(ဃ) (၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက်) ၁၄-၈-၂၀၂၃ရက် မွန်းလွဲ (၁:၀၀)နာရီတွင် အာနန္ဒာဘုရားဂေါပကရုံးခန်းတွင် တင်ဒါဖွင့်ပွဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ချိပ်ပိတ်တင်ဒါစည်းကမ်းချက်များကို ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ
၁။ ဦးဇော်ဝင်းချို၊ ဂေါပက ဥက္ကဋ္ဌ - ၀၉ - ၂၀၄၂၉၇၅
၂။ ဦးဝင်းကို ဂေါပက အတွင်းရေးမှူး - ၀၉ - ၄၄၀၁၃၀၈၉၅
၃။ ဦးအောင်သိန်း၊ ရုံးအဖွဲ့မှူး - ၀၉ - ၈၈၆၆၇၆၂၂၇

**အာနန္ဒာဘုရားကြီးဂေါပကအဖွဲ့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ မြေကွက်အမှတ်-၁၀၂၀/က၊ ဧရိယာ (၂၀ ပေ x ၆၀ ပေ) အကျယ်အဝန်းရှိ ပါမစ်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ရွှေပြည်သာမြို့နယ်၊ တ/၁၅၊ ပန်းခြံ(၁၂)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၁၀၂၀/က)ဟု ခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပါမစ်အမည်ပေါက် ဒေါ်သန်းသန်းဦး (ISN-၂၂၉၂၀၄) ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်အစပ်များဖြင့် ပိုင်ဆိုင်သူဖြစ်သော ဒေါ်နာဝေစဒီ [၁၂/မဂဒ(နိုင်)၀၉၂၈၅၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့် စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးသူရအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၄၈)**
**အမှတ်(၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၄၃၁၁၃၂၁၁**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ လူနေရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၁၈၂/ခ)၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်၏ ခြေရင်းဘက်ခြမ်း၊ အကျယ်အဝန်း (၁၀ပေ x ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ(၂၆)လမ်း၊ အမှတ်(၁၈၂/ခ)ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်စန်းစန်းလွင် [၁၂/အလန(နိုင်) ၀၀၂၁၁၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၉၅၂၇)**
**အမှတ်(C-2A)၊ အခန်းအမှတ်(၁၁၀)၊**
**Botahtaung Time Square အိမ်ရာ၊ ကုန်သည်လမ်း၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၆၅၁၇၈၀၁၈**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံ (၁) လမ်း၊ ခြံအမှတ်- ၈၇၉ (အလျား ၁၁၀ ပေ x အနံ ၇၁ ပေ)ဟုခေါ်တွင်သော အင်းစိန်မြို့နယ်၊ မင်္ဂလာဒုံကွင်းနံပါတ်-၄၀၀ (ဘီ)၊ ၁၉၃၈-၁၉၃၉ခုနှစ် ဦးပိုင်နံပါတ်-၇၂၊ ရေပိုက်လုံး အနောက်ဘက် ဧရိယာ ၀.၉၄ နှင့် အင်းစိန်မြို့နယ် ကွင်းနံပါတ်-၄၀၀ (အေ)၊ ၁၉၄၅-၄၆ ခုနှစ် ဦးပိုင်နံပါတ်-၄၉၊ ဧရိယာ-၀.၂၉ ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်သုံးမီတာ တစ်လုံးအပါအဝင် သီးပင်၊ စားပင်၊ မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ကျော်ဝင်း [၁၂/ကမတ(နိုင်)၀၃၈၅၅၅]၊ ဒေါ်နှင်းလှဲ့လှဲ့ဝင်း [၁၂/ကမတ(နိုင်)၀၃၈၅၅၄]၊ ဒေါ်အေးမိမိဝင်း[၁၂/ကမတ(နိုင်)၀၀၀၇၈၃]၊ နှင့် ဒေါ်ထွန်းအိအိခိုင် [၁၂/ကမတ(နိုင်) ၀၆၁၂၃၁] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးထောင်းဟေး [၄/ဟခန(နိုင်) ၀၂၁၁၄၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက် စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအုပ်လင်း (LL.B,LLM,MREs,PhD)**
**အထက်တန်းရှေ့နေ (စဉ် - ၄၃၄၂၃)**
**တိုက်အမှတ်(၄၅)၊ ၅-လွှာ(ဘီ)၊ (၅၁)လမ်း၊(၆)ရပ်ကွက် လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၆၄၆၇၀၂၃၉**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန
## ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီး - လပွတ္တာမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၊ လပွတ္တာခရိုင် ခုတင်(၂၀၀) ပြည်သူ့ ဆေးရုံကြီးတွင် သုံးစွဲရန်အတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့် ဆေးပစ္စည်းများနှင့် ဓာတ်ခွဲ/ဓာတ်မှန် သုံးဆေးပစ္စည်းများ၊ Consumable များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ
စတင်ရောင်းချမည့်ရက် -၁၇-၇-၂၀၂၃ (တနင်္လာနေ့)
တင်ဒါပိတ်မည့် ရက်နှင့်အချိန်- ၄-၈-၂၀၂၃(သောကြာနေ့) ညနေ(၄:၀၀)နာရီထိ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်-

**ခုတင်(၂၀၀) ဆေးရုံအုပ်ကြီးရုံး ၊ လပွတ္တာမြို့**
**ဖုန်း- ၀၄၂-၂၀၈၃၀၂၅၊ ၀၉-၂၅၀၁၇၅၃၈၆**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

**ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆ E၊ မြေကွက်အမှတ်-၁၂၀-စီ/၉၊ အကျယ်အဝန်း(၂၅ ပေx ၆၀ပေ)၊ ဧရိယာ (၀.၀၃၄)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၉၊ အောင်မင်းခေါင် (၂)လမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်တင်တင်လှ [၁၂/မဂတ(နိုင်)၀၂၁၉၂၃]အမည်ပေါက်လျက်ရှိသော မြေပိုင်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဆက်စပ်စာချုပ်အရ ရောင်းသူ ဦးအာကာဟိန်း [၁၂/အစန(နိုင်)၀၀၁၇၁၇]မှ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ရှိရောင်းချပိုင်ခွင့်ရှိသည့် မြေကွက်အားဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်အရှေ့တိုက်နယ်၊ လူနေရပ်ကွက်အမှတ်(၂၂)၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇စီ၁)၊ မြေကွက်အမှတ်(၁၃၆)၊ အကျယ်အဝန်း (၅၀'x၂၈'၉")ရှိ နှစ်(၆၀)ဂရန်မြေပေါ်ရှိ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ်(၇၄)ဟုခေါ်တွင်သော ၆ထပ်တိုက်၂ခန်းတွဲ၏ ခြေရင်းခြမ်း (A)၊ ဒုတိယထပ်၊ ၃လွှာ၊ အခန်းအမှတ်(၆)၊ အကျယ်အဝန်း (၁၅x၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အား ယခုရောင်းချသူ ဒေါ်ဆွေဆွေသိန်း [၁၂/စခန(နိုင်) ၀၀၆၈၉၆]သည် အရပ်ကတိစာချုပ်ဖြင့် ကန်ထရိုက်ထံမှ မိမိဝယ်ယူ ပိုင်ဆိုင်ထားကြောင်း၊ တရားရုံးနှင့်တကွ ရုံးဌာနအသီးသီးတွင် တားမြစ်ပိတ်ပင်ခံထားရခြင်းမရှိကြောင်း၊ အရှုပ်အရှင်းကင်း လွတ်လပ်စွာပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပါသဖြင့် မိမိ၏မိတ်ဆွေ ဒေါ်ခင်ထက်ထက်အောင် [၁၁/စတန(နိုင်) ၁၀၅၁၄၂]သည် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော မူရင်းများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိမ့်ဖြူနိုင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၇၇)**
**တိုက်(အေ-၂)၊ အခန်း(၀၀၃)၊ မြေညီ၊ ချယ်ရီ(၁)လမ်း၊ (၁၁၀)ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်။**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၁၃၄ )၊ မြေကွက်အမှတ်( ၂၂၁ )၊ ( ပေ ၄၀ x ပေ ၆၀ ) အကျယ်အဝန်းရှိ ဦးတင်မောင်ဝင်း ( ISN- ၅၁၃၃၅၃ ) အမည်ပေါက် ပါမစ်မြေကွက်၏ အကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဖော်ပြပါ ပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်တို့ကို တရားဝင် လက်ဝယ်ထားရှိပိုင်ဆိုင်သဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းနန္ဒာထွန်း[၁၂/ဥကတ(နိုင်)၁၄၇၂၉၈]ထံမှ အပြီးအပိုင် လက်ရောက်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းအပေါ် တရားဝင်အကျိုးသက်ဆိုင်သူ ဖြစ်ပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက် နိုင်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်နိုင်ဝင်း (စဉ်-၈၂၁၉)** | **ဒေါ်တင်တင်ခိုင် (စဉ်-၈၀၀၈)** |
| **LL.B, D.I.L** | **LL.B, D.B.L, D.M.L, D.I.L** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ် (၁၃/ခ)၊ ၈-လမ်း၊ (၃/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။**
**ဖုန်း- ၀၉-၄၄၈၀၂၅၉၉၃၊ ၀၉-၉၇၈၉၄၀၀၆၆**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အောင်သပြေလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၉၁)၊ ပေ(၄၁x၆၀) ဦးတင်အောင် (CE-၀၄၄၃၆၃) တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားသော ဂရန်မြေကွက်အနက်မှ ပေ(၂၅x၆၀) ဂရန်မူရင်းခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မေမီဦး [၁၂/ကမရ(နိုင်)၀၀၁၆၄၂]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကုမုဒြာ LL.B,D.B.L,D.I.L,IDCS**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၈၉၉)**
**ဖုန်း-၀၉-၄၂၀၀၉၉၆၅၆**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၀၊ (၇၀)ရပ်ကွက်၊ မဏိစည်သူလမ်း၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)၊ မြေကွက်အမှတ်-၁၅၁၁(က)ဟုခေါ်တွင်သော ဦးစံသိန်း[၁၂/လကန(နိုင်)၀၇၁၁၆၉] အမည်ပေါက် (ပါမစ်)မြေကွက်နှင့်တကွ ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့်အားလုံးတို့ကို လက်ဝယ်ထားပိုင်ဆိုင်စီမံခန့်ခွဲ၊ လွှဲပြောင်းရောင်းချ အမှန်တကယ် ပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုသူ အမည်ပေါက် ဦးစံသိန်း[၁၂/လကန(နိုင်)၀၇၁၁၆၉]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်စွာ[၇/ဖမန(နိုင်)၂၁၆၁၇၄]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာနည်ဝင်း(ခ)ဇာနီဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဥ်-၅၀၄၁၉/၂၇-၁၁-၂၀၁၈)**
**အမှတ်(၃၈၃)၊ ဇေယျာသုခလမ်း၊ (က)ရပ်ကွက်၊ သဃင်္န်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့။ Ph:09-444888508,09-253990579**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၁)ရပ်ကွက်၊ ဗထူးလမ်း၊ မြေကွက်အမှတ်-၉၉၃ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ဦးလှထွန်း အမည်ပေါက် မြေချပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ရွှေစင် [၁၃/လရန(နိုင်)၀၅၃၉၇၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မျိုးမမခင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၄၀၂၄)**
**အမှတ်(၄၄)၊ အောင်သီရိလမ်း၊ (၁၄၀) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်။**
**Ph- 09-975643348, 09-443043490**

## “ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ ခေတ္တာလမ်း၊ မြေကွက်အမှတ်(၅၃၇)၊ မြေအကျယ်(၄၀ပေx၆၀ပေ)ရှိ ဦးသိန်းထွန်း အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်”တို့ကို ဝယ်ယူမည်ဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိပါက “ကန့်ကွက်နိုင်ပါကြောင်း”

အထက်ဖော်ပြပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ကတိစာချုပ် အဆက်စပ်ဖြင့် လက်ရှိထားဝယ်ယူပိုင်ဆိုင်ပြီး မိမိတစ်ဦးတည်းတွင်သာ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ မိမိ၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိပါကြောင်း၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် ကြိုတင်လွှဲပြောင်း ရောင်းချထားခြင်းတို့ မရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူ **ဦးမျိုးနိုင် [၁၂/ဗဟန(နိုင်)၀၇၇၂၃၆]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဖက်သဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်ထားဆွဲ LLB,D.I.L ,Dip in Eng**
**အထက်တန်းရှေ့နေ (စဥ်-၄၂၈၉၉)**
**Ph:09-972734996, 09-791454531**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ပေါ်တော်မူ (၁)လမ်း၊ တိုက်အမှတ်(၂၉/င)(A) (၃)လွှာ၊ အကျယ်အဝန်း (၂၂½x၄၇)ပေရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားရှိနေထိုင် ပိုင်ဆိုင် အကျိုးခံစားလျက် ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်အေးအေးခိုင် [၈/ဆပဝ(နိုင်)၀၂၀၄၀၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ညိုညိုစိုး (LL.B,D.B.L)** | **ဒေါ်သက်မွန်နှင်း (LL.B)** |
| **အထက်တန်းရှေ့နေ(စဥ်-၃၃၈၆၀)** | **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၅၉၆၆)** |
| **အမှတ်(၁၀၀)၊ မယ်ဇီကုန်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်။** | **အမှတ်(၁၂၄၄/အေ)၊ဓာတိကလမ်းမကြီး၊ သာသနာ့ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။** |
| **Ph:09-773261647** | **Ph-09-422557547** |

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၅၆၁)၊ ရွှေပြည်သာ(၃)လမ်းဟု ခေါ်တွင်သော ပေ(၄၀x၆၀) အကျယ်ရှိမြေကွက်မှာ ဦးတင်အေး(MYA-၀၃၃၈၁၇)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပြီး ထိုမြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၅၆၀)နှင့်ကပ်လျက်ဘက်ခြမ်းရှိ ပေ(၂၀x၆၀)အကျယ်ရှိ ဂရန် (မိတ္တူခြမ်း)မြေကွက်အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စောကလျာအောင်[၁၂/အစန(နိုင်)၀၆၄၈၂၇]မှ မိမိသာပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ကြည်မွှန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၀၀၅၂)**
**ဖုန်း-၀၉-၄၃၁၁၄၁၄၁၊ ၀၉-၄၀၀၁၀၁၄၁၄**

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဦးပိုင်အမှတ်- ၄/ဈ အတွင်းရှိ မြေကွက်အမှတ်- ၁၅၄၊ အကျယ်အဝန်း (၁၈ ပေ x ၄၆ ပေ)ခန့်ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၆)၊ သမာဓိလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်မြတင် [၁၂/မရက(နိုင်)၀၃၈၁၃၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**

## ပျောက်ဆုံးကြောင်း

မအိအိဖြိုး [၉/တကန (နိုင်) ၂၃၀၈၉၇] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-751164697**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၄-၇-၂၀၂၃)နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၃၀)ပါ တရားလွှတ်တော်ရှေ့နေ (စဥ်-၁၁၀၂၃) ဒေါ်ဖြူဖြူလွင်၏ “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း”စာပါ မြေကွက်အမှတ်-(၁၆၈၉/က)+(၁၆၈၉/ခ)အစား မြေကွက်အမှတ် (၁၅၈၉/က)+(၁၅၈၉/ခ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ် (၂၅၇/ခ)၊ သိင်္ဂီ(၂)လမ်းတောင်ရှိ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)မြေကွက်၏ အမည်ပေါက်ပိုင်ရှင် ဒေါ်ဇာဇာချို [၈/ရစက(နိုင်)၁၂၅၃၉၉] ထံမှ မြေကွက်အား ကျွန်ုပ်မိတ်ဆွေက တရားဝင် အရောင်းအဝယ် ပြုလုပ်၍ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါ မြေအိမ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ယခု ကြော်ငြာပါပြီးသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်လှလှခိုင်**
**အထက်တန်းရှေ့နေ(လိုင်စင်-၂၃၃၈၀)**
**အမှတ်(၃၉)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၅၀၄၇၀၀၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၇၊ မြေကွက်အမှတ်(၃၈၀)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဦးဟန်မြင့်(CF-၀၇၅၇၉၈)အမည်ဖြင့် မှတ်သားတည်ရှိသော ပါမစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ကြီးထဲမှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်၏ ခေါင်းရင်းခြမ်းဖြစ်ပြီး အမှတ်(၃၇၉)နှင့်ကပ်လျက်ခြမ်းဖြစ်သည့် (၂၅ပေx၆၀ပေ) ရှိ အမှတ်-၃၈၀၊ စွယ်တော်လမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံ(မြောက်ပိုင်း) မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို အမည်ပေါက်ထံမှ ဆက်စပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီး ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း ဦးကျော်ဆန်းထွန်း[၁၂/စခန(နိုင်)၀၆၄၅၂၂]မှ ဝန်ခံကတိပြုလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန္တာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၈၃၆၅)**
**အမှတ်-၃၈၈၊ အေးမြသာယာလမ်း၊ ၃၂-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၂၂၈၀၁၃၊ ၀၉-၇၈၆၃၁၇၂၈၀**

## ဦးရာပြည့် [၁၂/ကမရ(နိုင်)၀၅၅၈၀၀] နှင့် ဦးဘိုဘိုအောင် (အထက်တန်းရှေ့နေ၊ စဥ်-၃၃၀၄၂)တို့၏ ၁၇-၆-၂၀၂၃ ရက် မြန်မာ့အလင်းသတင်းစာ၊ ၂၅-၆-၂၀၂၃ရက် ကြေးမုံသတင်းစာတို့တွင် အများသိစေရန် ကြေညာချက်နှင့်စပ်လျဥ်း၍ ပြန်လည်ရှင်းလင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းရပ်ကွက်၊ သဇင်လမ်း၊ ပန်းလှိုင်လုံးချင်းအိမ်ရာ၊ အမှတ်- 2/B တွင်နေထိုင်သူ ဒေါ်စိန်စိန် (ဘ) ဦးမောင်မောင်[၁၂/ကမရ (နိုင်)၀၄၁၉၆၈]၊ အသက် (၈၅)နှစ်မှ အောက်ပါအတိုင်း အများသိစေရန်ရှင်းလင်းကြေညာအပ်ပါသည်-

ဦးရာပြည့်သည် ယခုလက်ရှိတွင် ၎င်းကြေညာခဲ့သည့် ကြေညာစာပါနေရပ်လိပ်စာတွင် နေထိုင်ခြင်းမရှိပါ။ မည်သည့်နေရာတွင် ရောက်ရှိနေထိုင်နေသည်ကိုလည်း ၎င်းမှမိခင်ဖြစ်သူထံ တရားဝင် ပြောဆိုဆက်သွယ်ခြင်းမရှိပါ။ ၎င်းနှင့်၎င်းရှေ့နေတို့၏ ကြေညာချက်များသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိပါ။ မိဘအပေါ် သားသမီးများမှ အနိုင်ကျင့်၊ အိမ်တွင်းအကြမ်းဖက်သည့်အခြေအနေများ၊ အမှန်တကယ်ဖြစ်ပေါ်နေသည့် အကြောင်းခြင်းရာများနှင့်လည်း ကိုက်ညီမှန်ကန်ခြင်းမရှိပါ။

ကျွန်မ ဒေါ်စိန်စိန်နှင့် ဦးခင်မောင်ထွန်းတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ၊ တည်ဆဲဥပဒေတို့နှင့်အညီ တရားဝင်အကြင်လင်မယားအဖြစ် နှစ်ပေါင်းများစွာပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ဦးရာပြည့်၏ ကြေညာချက်တွင်ပါရှိသော မရွှေ့မပြောင်းနိုင်သောပစ္စည်းများသည် ကျွန်မတို့လင်မယားနှစ်ဦး၏ ကံ၊ ဉာဏ်၊ ဝီရိယနှင့် ကြိုးစားအားထုတ်မှုတို့ကြောင့် ထွန်းကားဖြစ်တည်လာသည့် နှစ်ဦးပိုင်လက်ထက်ပွားပစ္စည်းများဖြစ်ကြပါသည်။ ထို့ကြောင့် ဦးခင်မောင်ထွန်း ကွယ်လွန်ပြီးချိန်တွင် ဥပဒေအရပင် ကျွန်မတစ်ဦးတည်းပိုင်ပစ္စည်းများဖြစ်ပါသည်။ အဆိုပါပစ္စည်းများနှင့် သက်ဆိုင်သော စာမှတ်စာတမ်းများမှာ ကျွန်မ မန္တလေးမြို့သို့ ခေတ္တခရီးသွားစဥ် မိမိအိမ်တွင် သိမ်းဆည်းထားရှိလျက်အခြေအနေ၌ပင် မီးခံသေတ္တာဖျက်ဆီးခံရ၍ ပျောက်ဆုံးခိုးယူခံခဲ့ရပါသည်။ အဆိုပါအကြောင်းကိစ္စကိုလည်း **၃၀-၉-၂၀၁၉၊ ၂၄-၅-၂၀၂၁ ရက်နေ့ ကြေးမုံသတင်းစာများ**တွင် ကျွန်မမှ တရားဝင်အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။ ဦးရာပြည့်သည် ယခုပြန်လည်ရည်ညွှန်းရှင်းလင်းနေသည့် ကြေညာမှုကို အများသိစေရန် ကြေညာနေသော်လည်း ကျွန်မပိုင် မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဥ်းသည့် စာရွက်စာတမ်းများ၊ နေအိမ်အတွင်းမှ ခိုးယူပျောက်ဆုံးခဲ့ရသည့်ကိစ္စကို တစ်စုံတစ်ရာဖြေရှင်းကူညီခြင်းမရှိသည်မှာ အံ့သြစရာ၊ သံသယဖြစ်စရာ လွန်စွာကောင်းလှပါသည်။ ထို့ကြောင့် ကျွန်မ၏ ပိုင်ဆိုင်မှုများနှင့်စပ်လျဥ်း၍ ဥပဒေနှင့်အညီ ဆက်လက်စီမံဆောင်ရွက်ခွင့်ရှိပါသည်။ ပိတ်ပင်တားဆီးသူ (မည်သူမဆို) သည် ဥပဒေကို မျက်ကွယ်ပြုအတင်းအကျပ် အနိုင်ကျင့်ဆောင်ရွက်နေကြခြင်းသာဖြစ်ပါသည်။

ကျွန်မ၏ခင်ပွန်း နာမကျန်းဖြစ်၍ ကွယ်လွန်ကာနီးအချိန်မှစတင်ကာ သားသမီး (၄) ဦးအနက် ဦးရာပြည့်၊ ဒေါ်ခင်သီတာ၊ ဒေါ်ခင်နှင်းနွယ်တို့က ကျွန်မပိုင်ပစ္စည်းများနှင့် စပ်လျဥ်း၍ အမျိုးမျိုးလှည့်ဖြားကြံစည်ကာ မိဘကျေးဇူး မထောက်ထားဘဲ အနိုင်အထက်ပြုရယူသုံးစွဲရန် အားထုတ်ခဲ့ကြပါသည်။ ၎င်းတို့၏ လှည့်ဖြား၊ လှည့်စားဆောင်ရွက်ချက်များကို ကျွန်မအနေဖြင့် အလုံးစုံသိရှိခြင်း၊ သဘောတူညီခဲ့ခြင်းမရှိပါ။ ခင်ပွန်းကွယ်လွန်ချိန်မှစ၍ ကျွန်မနှင့် ဦးရာပြည့်တို့အတူ ပူးတွဲသတ်မှတ် (Join account) စုဆောင်းထားရှိသည့် ကမ္ဘောဇဘဏ်၏ ငွေစာရင်းမှ ငွေကျပ် (၄၂၇) သိန်း၊ စီဘီဘဏ်အကောင့်မှ ငွေကျပ် (၅၀၁) သိန်း၊ စုစုပေါင်း ငွေကျပ် (၉၂၈) သိန်းတို့အား ၎င်းတစ်ဦးတည်း သဘောဖြင့် ထုတ်ယူသွားခဲ့ပါသည်။ မိခင်ဖြစ်သူထံ ယနေ့ထိ ပြန်လည်ပေးအပ်ခြင်းမရှိပါ။ သားသမီး (၄) ဦးရှိသည့်အနက် အကြီးဆုံးသားသမီးများဖြစ်ကြသည့် ဦးရာပြည့်၊ ဒေါ်ခင်သီတာတို့သည် ခင်ပွန်းကွယ်လွန်ချိန်မှစ၍ ယနေ့အချိန်ထိ ကျန်ရစ်သည့်မိခင်ဖြစ်သူအပေါ် ကျန်းမာရေးအသုံးစရိတ်၊ လစဥ်အသုံးစရိတ်များ လုံးဝ(လုံးဝ)ပေးကမ်းထောက်ပံ့ခဲ့ခြင်းမရှိပါ။ ထို့အပြင် ၎င်းနှင့်ဒေါ်ခင်သီတာ၊ ဒေါ်ခင်သီတာ၏သား မောင်စိုးမိုးထက်ဆိုသူတို့ ပူးပေါင်း၍ ကျွန်မပိုင် စမ်းချောင်းမြို့နယ်အတွင်းရှိ တိုက်ခန်း (၃) ခန်းကို ကျွန်မအား ဝင်ရောက်ခွင့်မပြုဘဲ မတရားလက်ဝယ်ထားရှိခဲ့ကြသည်မှာလည်း နှစ် ကာလကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ ကျွန်မသည် မူလက ဘဏ်စုဆောင်းငွေများမှ ရရှိသည့် အတိုးငွေများ၊ တိုက်ခန်း (၃) ခန်းကို ငှားရမ်းရရှိသည့် ငှားရမ်းခများဖြင့် မိမိ၏ကျန်းမာရေးအသုံးစရိတ်၊ စားဝတ်နေရေးတို့ကို ဖြေရှင်းနေထိုင်ခဲ့ရခြင်းဖြစ်ပါသည်။ (ယခုအခါ ဦးရာပြည့်၊ ဒေါ်ခင်သီတာတို့၏ မတရားလုပ်ဆောင်မှုများကြောင့် အဆိုပါဝင်ငွေများကို လုံးဝ (လုံးဝ) ရရှိခြင်းမရှိတော့ပါ။ ၎င်းတို့က ကျွန်မအပေါ်တွင် သားကောင်း၊ သမီးကောင်းတို့၏ကျင့်ဝတ်၊ မေတ္တာတရားတို့မထားရှိဘဲ အထက်ဖော်ပြပါ အပြုအမူများကို ကျူးလွန်ကြသဖြင့် ၎င်းတို့သည် အိမ်တွင်းအကြမ်းဖက်မှုသဖွယ်ဆောင်ရွက်ကျူးလွန်နေကြသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်ပါသည်။

ထို့ပြင် စမ်းချောင်းမြို့နယ်အတွင်းရှိ တိုက်ခန်း (၃) ခန်းနှင့်စပ်လျဥ်းပြီး ကျွန်မအား ဝင်ရောက်ခြင်းကို တားဆီးခြင်း၊ ကျွန်မခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားစီမံခြင်း၊ ကျွန်မ ခွင့်ပြုခြင်းမရှိဘဲ ကျူးကျော်နေထိုင်ခြင်းတို့ကြောင့် အလုံခရိုင်တရားရုံးတော်တွင် **“တရားလိုလက်ရှိထားပိုင်ဆိုင်သော တိုက်ခန်းတွင် ကျူးကျော်နေထိုင်သူများအား ဖယ်ရှား၍ လက်ရောက်ရလိုမှု”** ဟူ၍ တရားစွဲဆိုထားရှိပါသည်။ အဆိုပါအမှုများတွင် ဒေါ်ခင်သီတာ၊ ဦးစိုးမိုးထက်တို့၏ ရှေ့နေအဖြစ် ဦးဘိုဘိုအောင် (စဥ်-၃၃၀၄၂) က လိုက်ပါဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် တရားရုံးတစ်ရုံးက စစ်ဆေးဆောင်ရွက်လျက်ရှိသော မှုခင်းကိစ္စရပ်နှင့် စပ်လျဥ်း၍ နှောင့်ယှက်ဟန့်တားခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်း၊ ကြိုတင်ဆုံးဖြတ်သည့်သဘောဆောင်ခြင်းတို့သည် ရှေ့နေရှေ့ရပ်တို့၏ ကျင့်ဝတ်သိက္ခာနှင့်ညီညွတ်သင့်လျော်ခြင်းမရှိပါ။ ဦးရာပြည့်နှင့် ဦးဘိုဘိုအောင်တို့သည် ၎င်းတို့၏ အများသိစေရန် ကြေညာမှုအား ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းရန်နှင့် (၃၀-၇-၂၀၂၃) ရက်နေ့ နောက်ဆုံးထားပြီး ကျွန်မ ဒေါ်စိန်စိန်ကို တရားဝင်အများသိပြန်လည်တောင်းပန်ရန် အသိပေး(သတိပေး) အပ်ပါသည်။

**ဒေါ်စိန်စိန်**
**[၁၂/ကမရ(နိုင်)၀၄၁၉၆၈]**
**အမှတ် – 2.B၊ ပန်းလှိုင်လုံးချင်းအိမ်ရာ၊ သဇင်လမ်း၊ ဟုမ်းလမ်းရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရေတလပေါင်ကျေးရွာ အုပ်စု၊ သမင်တက်ခွက်မကွင်း (၂၀/ᵉ) ဦးပိုင်အမှတ်၊ ကွင်းအမှတ် (၅၀၃/ ခ)၊ ဧရိယာ (၄.၁၇) ဧကရှိ ဦးခင်မောင်လတ် အမည်ပေါက် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးခင် မောင်လတ် [၉/မထလ(နိုင်)၁၆၁၂၁၆] မှ ရောင်းချလိုကြောင်းကမ်းလှမ်း ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သော စာရွက် စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၅၅၈)**
**အမှတ် (၁၃၂၇/က)၊ အေးရိပ်သာ (၇)လမ်း၊ (၄၃) ရပ်ကွက်၊**
**ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-450065273**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂)လမ်းမကြီးနေ **ဦးသန့်ဇင်ဦး [၁၂/ဒဂတ(နိုင်)၀၂၆၁၃၇] + ဒေါ်စုစုမြတ် [၁၂/ဒဂတ(နိုင်)၀၃၈ ၉၀၅]** ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၆)ရပ်ကွက်၊ အင်းဝ အိမ်ရာ၊ တိုက်အမှတ်(၃၅)၊ အခန်းအမှတ် (၃၀၁) ဟုခေါ်တွင်သော ဧရိယာ စတုရန်းပေ (၇၄၀) အကျယ်အဝန်းရှိတိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို တရားဝင်ပိုင်ဆိုင်ပြီး အမှုအခင်းတစ်စုံတစ်ရာကင်းရှင်းစွာဖြင့် အပြီးအပိုင် **လွှဲပြောင်းရောင်းချလိုကြောင်း ဝန်ခံကတိပြုချက်ဖြင့် အဆိုပြုလာသူ ဒေါ်မရစ်ဂျာဘောက် [၁/ မကန(နိုင်)၀၃၂၈၁၇]** ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေများက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းအထောက် အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ရည်မွန်အောင်**
**အထက်တန်းရှေ့နေ (စဉ် - ၅၀၆၁၂)**
**ရုံးခန်း-အမှတ်(၈၃)၊ အခန်း(၁၁)၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၈၂၈၈၃၁၈၊ ၀၉-၉၇၉၄၇၀၄၄၈**

## အယူခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၆၇

| | | |
|---|---|---|
| ဒေါ်အေးအေးမော် | နှင့် | ၁။ ဦးဝင်းအောင် |
| | | ၂။ ဦးမင်းအောင် |
| | | ၃။ ဦးသောင်းထွန်း(၂၃ မှာ ကွယ်လွန်သူဒေါ်ခင်စောလှ၏ တရားဝင်ကိုယ်စားလှယ်များ) |
| | | ၄။ ဦးမြင့်ဆွေ |
| | | ၅။ ဦးသန်းဆွေ |
| | | ၆။ ဒေါ်သန်းသန်းဆွေ |
| | | ၇။ ဒေါ်သန်းသန်းဌေး |
| **(အယူခံတရားလို)** | | **(အယူခံတရားပြိုင်)** |

၂၀၂၂ ခုနှစ်၊ မေလ ၃ ရက်စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှု ၁၅၀/၁၈ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(တောင်) ရပ်ကွက်၊ ဇဗ္ဗူရာဇ်လမ်း၊ အမှတ် ၁၄ နေ အယူခံတရားပြိုင်(၂) ဦးမင်း အောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(တောင်) ရပ်ကွက်၊ ဇဗ္ဗူရာဇ်လမ်း၊ အမှတ် ၁၄ နေ အယူခံတရားပြိုင်(၃) ဦးသောင်း ထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ် သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ၊ ၄ ရက်( ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် (၃) ရက်နေ့)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေ ဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြု ထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ် လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ- ၂၂ အရ ချိန်းဆိုထား သော အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်ကြောင်း ဤအယူခံ ရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၃)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

လီယိုမက်အရေပြားရောဂါကု တိုင်းရင်းဆေးတိုက်မှ
ခရုသင်း၊ သမင်ဖြူ
ကြော်ငြာခွင့်ပြုချက်အမှတ် တဆ၈က(စာနယ်ဇင်း) ၀၀၃/၀၁၀၉
ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊
နယ်မှ ဝေဒနာရှင်များ စာတိုက်မှ တဆင့်မှာယူနိုင်ပါသည်။
သွေးမသန့်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။
အမှတ် (၂၂၁)၊ (၃)ထပ်၊ ၃၂လမ်း၊(အထက်) ရန်ကုန်မြို့။
ဖုန်း ၀၁-၂၅၂၅၉၈၊ ၀၁-၂၄၃၈၅၁

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းအိမ်ရာ၊ တိုက်အမှတ် (၁)၊ အခန်းအမှတ် (၀၀၆)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူဒေါ်ခင်ခင် [၇/ရတန(နိုင်)၀၀၉၂၉၆]၏ သားသမီးများဖြစ်သော (၁)ဦးကျော်ကျော် ဝင်း [၇/ရတန(နိုင်)၀၁၄၁၈၆]၊ (၂)ဦးရွှေသန်းဌေး [၇/ရတန( နိုင်)၀၁၅ ၃၀၁]၊ (၃)ဒေါ်တင်တင်အေး [၇/ရတန(နိုင်)၀၁၀၄၂၈]၊ (၄)ဒေါ်ခင်ဝင်းမြင့်၊ [၇/ရတန(နိုင်)၀၀၉၂၉၅]၊ (၅)ဒေါ်လွင်လွင်ဦး [၇/ရတန( နိုင်)၀၀၉၁၇၃] တို့ထံမှ စာချုပ်စာတမ်းများဖြင့် ပြန်လည်ဝယ်ယူထားသူ ဦးစိုင်းနန္ဒာ ကျော်ခင် [၁၁/မကန(နိုင်)၀၁၂၀၁၅]က ၎င်းအမည်ဖြင့်အမည်ပြောင်း တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့လျှောက်ထား လာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာ ပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄/မြောက်)၊ မြေကွက်အမှတ်(၂၃၁/ခ)၊ အကျယ်အဝန်း (၁၂၀၀) စတုရန်းပေရှိ နှစ် ( ၆၀ )မြေငှားဂရန်မြေကွက်နှင့် ယင်းမြေ ကွက်ပေါ်ရှိ အမှတ်(၂၃၁/ခ)၊ မြို့မ(၁၂)လမ်း၊ (၄/မြောက်)ရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်သူ ဒေါ်တင်တင်နိုင် (ဘ) ဦးရွှင်အန်း၊ (၉/မကန (နိုင်)၁၇၈၆၅၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီး အပိုင်ဝယ်ယူရန် (၁၂.၇.၂၀၂၃)ရက်နေ့တွင် ရောင်းဘိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရံငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လို သူများရှိပါက ခိုင်လုံသော အထောက်အထားမူရင်းများ ယူဆောင်၍ ဤ ကြော်ငြာစာပါသည့်နေ့မှစ၍ ( ၁၄ ) ရက်အတွင်း လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးစင်မောင်ရှို(စဉ် - ၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉-၄၃၀၈၈၅၄၉

## ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျဉ်းတန်းမြောက် အရှေ့ရပ်ကွက်၊ ဥယျာဉ်လမ်း၊ တိုက်အမှတ်(၄၆)၊ ပထမထပ်(B)၊ ခြေရင်းခန်း တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းအား ရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံသော ဒေါ်သင်းသင်းနိုင် [၅/ဆလက(နိုင်)၀၀၀၁၄၅] ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးဟိန်းထက်နိုင် [၁/မညန(နိုင်)၁၆၆၅၆၅] မှ ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါ သဖြင့် ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ပြီး ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟိန်းထက်နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သန်းသန်းငြိမ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၀၃)**
**တိုက်(၃၃/၄၉)၊ အခန်း(၃၇)၊(ပ)ထပ် Strand Condominium**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၈)၊ ကျွန်းရွှေမြိုင် (၇)လမ်း၊ မြေကွက်အမှတ်(၁၀၅၇)၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ မြေကွက်၏ တရားဝင်မခွဲစိတ်ရသေး သည့် ခေါင်းရင်းခြမ်း၊ (ဂရန်မူရင်းခြမ်း)[မြေကွက်အမှတ်(၁၀၅၈)နှင့် ကပ်လျက်အခြမ်း]၊ အကျယ်ပေ (၂၀'x၆၀') မြေကွက်အပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဒေါ်သီသီမြင့်ထံမှ အရပ် ကတိ စာချုပ်အဆက်စပ်ဖြင့် တရားဝင်လက်ရောက်ပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြစိုး [၆/သရခ(နိုင်) ၀၇၅၅၃၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဆုပြည့်ဝင်း [၁၄/ဒဒရ (နိုင်)၁၃၅၅၉၀]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုး ငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ ဤကြော်ငြာစာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆုပြည့်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သူဇာအောင်** | **ဒေါ်ခင်ပြုံးလှိုင်** |
| **LL.B,D.B.L,D.I.L, WIPO** | **LL.B** |
| **(G.C.I.P Switzerland)** | **အထက်တန်းရှေ့နေ** |
| **တရားလွှတ်တော်ရှေ့နေ** | **(စဉ်-၄၉၂၉၉)** |
| **(စဉ်-၁၁၈၇၉/၁၇)** | |

**ရုံး - တိုက်အမှတ်(၂၈၃/၆)၊ ကျောင်းလမ်း၊ သုဝဏ္ဏကျောင်းရှေ့၊**
**(၂၅)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၃၆၅၄၀၄၀၊ ၀၉-၇၇၃၁၃၁၄၈၄**

## "အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက် (၁၂) ၊ မြေကွက်အမှတ် (၁၁၁) ဟုခေါ်တွင်သော အကျယ်အဝန်း အလျား×အနံ (၄၀×၆၀) ပေ ဒေါ်သန်းသန်းဝင်း အမည်ပေါက် ပါမစ်မြေကွက် အနက်မှ ခြေရင်းခြမ်း (မြေကွက်အမှတ် - ၁၁၂ နှင့်ကပ်လျက်) အလျား×အနံ (၂၀×၆၀) ပေ ပါမစ်မူရင်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်(အဆောက်အဦ)၊ ရေ+မီး အပါအဝင် အိမ်ခြံမြေနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင် ထားသူ ဦးတင်ထွန်း (၁၂/ဥကမ(နိုင်)၀၁၅၄၄၁) မှ လက်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုလျှက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်အေးထွန်း (၁၂/မဘန(နိုင်)၁၀၁၈၈၅) မှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရံငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန် ရှိပါက (၂၅. ၇. ၂၀၂၃) ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန် မရှိပါက အထက်ဖော်ပြပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ဝင့်ဝင့်ထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ**
(စဉ် - ၁၈၀၆၉)
အမှတ် (၁၂/၁၈၉)၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉-၂၆၁၁၀၁၁၃၄

## "အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် (၂၁) ရွှေပေါက်ကံ၊ အောင်မင်္ဂလာလမ်း၊ မြေကွက်အမှတ် (၃၃၆) ဟုခေါ်တွင်သော အကျယ်အဝန်း အလျား (၄၀) ပေ × အနံ (၆၀) ပေ၊ (ဧရိယာ ၀. ၀၅၅၈ဧက၊ စတုရန်းပေ - ၂၄၀၀) ဦးလှငွေ (ISN-၄၂၅၆၅၉) အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်အနက်မှ (မြေကွက်အမှတ် - ၃၃၄ နှင့်ကပ်လျက်) အလျား×အနံ (၂၀×၆၀) ပေ ဂရန်မူရင်း မြေကွက်နှင့် မီး(လျှပ်စစ်မီတာ) အပါအဝင် ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိ ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူ၍ အမည်ပေါက်ပိုင်ရှင်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးမျိုးဇော် (၁၄/မအန(နိုင်)၀၅၁၆၇၉) က ၎င်းတရားဝင် ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုလျှက် အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဇော်မျိုးကျော် (၈/ပခက(နိုင်)၁၆၃၃၂၅) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးချေ ထားပြီးဖြစ်၍ ကန့်ကွက်ရန် ရှိပါက (၃၀. ၇. ၂၀၂၃) ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ဝင့်ဝင့်ထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ**
(စဉ် - ၁၈၀၆၉)
အမှတ် (၁၂/၁၈၉)၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉-၂၆၁၁၀၁၁၃၄

## ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စ/၄(တိုးချဲ့)၊ လူနေ ရပ်ကွက်အမှတ်-၈၊ ဗညားဒလလမ်း၊ မြေကွက်အမှတ်-၅၅၃၊ အကျယ်ပေ (၄၀x၆၀)ရှိ ဦးလွင်အောင်နိုင် အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်အပါအဝင် မြေကွက်ပေါ်ရှိ လူနေအိမ်(၂)လုံးတို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်ကြီးအား ပါမစ်အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ခေါင်းရင်းခြမ်းအကျယ်ပေ(၂၀x၆၀)ရှိ မြေကွက်အစိတ်အပိုင်းအား ဦးညီညီလွင် [၁၂/လမန(နိုင်)၀၉၉၇၄၃]မှ လည်းကောင်း၊ ခြေရင်းခြမ်းအကျယ်ပေ (၂၀x၆၀)ရှိ မြေကွက်အစိတ်အပိုင်းအား ဒေါ်မြသန်းခင်[၁၁/ရသတ(နိုင်) ၀၂၅၇၆]မှ လည်းကောင်း ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုရောင်းချမှုအပေါ် ကျွန်ုပ်မိတ်ဆွေ ဖြစ်သူ ဒေါ်ဝင်းသူသူဖြိုး[၃/ဘအန(နိုင်)၁၄၆၇၄၇]ကိုင်ဆောင်သူမှ ဝယ်ယူရန်အတွက် ခေါင်းရင်းခြမ်းပိုင်ရှင် ဦးညီညီ လွင်နှင့် ခြေရင်းခြမ်းပိုင်ရှင် ဒေါ်မြသန်းခင်တို့ထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ မြေကွက်အစိတ်အပိုင်းများ၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍(၇)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ဝင်းသူသူဖြိုး [၃/ဘအန(နိုင်)၁၄၆၇၄၇]** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **အမှတ်-၁၁၀၃၊ တိုက်(ဘီ)၊** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ဗဟန်းမြို့နယ်။** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊** |
| | **ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၅၁၈၉၆၈၉** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၈) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် (၄၂၁/က ) ဟုခေါ်တွင်သော အလျား (၂၀) ပေ x အနံ (၆၀) ပေ အကျယ်အဝန်းရှိ မြေနှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည် အိမ်တစ်လုံး (ရေ+မီး) အပါအဝင် နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်စိုးထွေး [၁၂/ရပသ(နိုင်)၀၇၆၇၀၃] မှ ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်တင်မျိုးထက် [၁၂/ လမန(နိုင်)၁၃၇၇၈၃]မှ ဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းဖိုးငွေအဖြစ် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ဤ ကြော်ငြာပါသည့်နေ့မှစ၍ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
| **ဒေါ်တင်မျိုးထက်** | **ဒေါ်တင်ဇာလင်း** | **ဒေါ်သီတာဆွေ** |
| **[၁၂/လမန(နိုင်)၁၃၇၇၈၃]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၈၈)** | **အထက်တန်းရှေ့နေ (စဉ်-၅၄၃၃၃)** |

**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၇၆၄၀၂၀၈၀၃၊ ၀၉-၂၅၄၁၁၅၈၁၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ညောင်တုန်းလမ်း၊ အမှတ် (၅၄) ပေါ်တွင် ဆောက်လုပ် ထားသော (၂) ခန်းတွဲ၊ (၇) ထပ်တိုက်၏ ပထမထပ်၊ (၂)လွှာ၊ (ခေါင်းရင်းခန်း) ၊ အကျယ်အဝန်း (၁၄ x ၆၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ/မီး အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သူ ဒေါ်ခိုင်ဆုလွင် [၁၂/စခန(နိုင်) ၀၈၀၇၁၇]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်အိဖြိုးဇင်** | **ဦးသိန်းညွန့်** |
| **BSc,DA, HGP, R.L, DBL, DML, DIL** | **LL.B, D.B.L (စဉ်-၁၅၉၇၅)** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁)** |
| **ဖုန်း-၀၉-၇၉၈၈၂၇၅၉၀** | **ဖုန်း-၀၉-၇၉၀၁၂၃၄၈၀** | **ဖုန်း-၀၉- ၅၀၅၃၁၀၇** |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမောင်ဝင်း(ခ)ဦးစံညွန့်

## အသက်(၆၄)နှစ်

စစ်တွေမြို့နေ(ဦးကျော်သာ–ဒေါ်ကြာဖံညို)တို့၏ သားကြီး၊ (ဦးကျော်သာမြ–ဒေါ်သန္တာဖြူ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၂၀၁) ခြောက်လွှာ(B)နေ ဒေါ်ခင်စောဝေ(မဝေအထည်ဆိုင်၊ ရွှေမင်္ဂလာဈေး)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်ဥမ္မာနွယ်၊ ဦးအောင်ဇော်နိုင်– မမြသိန်းတန်(ခေတ္တ–ဂျပန်)၊ မောင်အောင်မျိုးဟန်တို့၏ချစ်လှစွာသောမွေးသဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၁၄–၇–၂၀၂၃ (သောကြာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၁၆–၇–၂၀၂၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ မြင့်မြတ်သောဘုံဘဝသို့ ရောက်ပါစေခြင်းအကျိုးငှာ ဘုရားအမှူးရှိသော ပင့်သံဃာအရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းရေစက်သွန်းချ အမျှဝေလိုပါသောကြောင့် ၁၈–၇–၂၀၂၃(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ "ရက်လည်ဆွမ်းကျွေးတရားတော်နာ" ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား ညှိုးငယ်သော စိတ်ထားဖြင့် လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယကာကြီး

## ဦးကျော်ဆွေမင်း

## အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ နှင်းဆီလမ်း၊ ရန်ကင်းပါရမီ၊ အမှတ်(၃၅/က)နေ (ဦးကျော်စိန်လင်း–ဒေါ်အေးအေးမြင့်)တို့၏သား၊ (ဦးလှတင်)–ဒေါ်တင်တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ခိုင်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၃–၇–၂၀၂၃ (ကြာသပတေးနေ့) နံနက်တွင် ရုတ်တရက် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၁၅–၇– ၂၀၂၃ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၉–၇–၂၀၂၃(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ ဗိုလ်တေဇ(၃)လမ်း၊ အမှတ်(၂၁၁/က)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ဦးအောင်ကြည် (KYN–001420)အမည်ဖြင့် မှတ်သားတည်ရှိသည့် ပါမစ်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုအရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဦးစိန်မောင် [၁၂/ပဇတ(နိုင်)၀၀၉၃၁၆] က အပြီးအပိုင်လွှဲပြောင်းဝယ်ယူလက်ရောက်ရယူထားသော အိမ်ခြံမြေကွက်ဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးစိန်မောင်၏သဘောတူခွင့် ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်းရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်း၊ တစ်စုံတစ်ရာမပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍တစ်စုံတစ်ရာကန့်ကွက်လိုပါက မည်သူမဆိုပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများတင်ပြ၍ကျွန်ုပ်ထံသို့ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိန်မောင် 09–960076541, 09–420227527၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်မေလှိုင် (စဉ်–၇၉၁၆/၂၁–၁၂–၂၀၁၁)**
**LL.B.,D.B.L., Dip in English**
**တရားလွှတ်တော်ရှေ့နေ**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း–၁၀၄(D)၊ ၃၅–လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၅၀၈၃၈၀၅၊ ၀၉–၇၉၉၆၁၈၄၇၂**

---

### ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

### ( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂ )

### ကျောက်တံတားခရိုင်တရားရုံးတော်

### ၂၀၂၁ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၆၀ နှင့် ဆက်နွယ်သည့် ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၁၄၇

| | | |
|---|---|---|
| ရောဝတီဘဏ်လီမိတက် | နှင့် | ၁။ ဦးပိုင်စိုးသူ |
| (ဘဏ်ကိုယ်စား | | ၂။ ဦးမျိုးမင်းဇော် |
| မန်နေဂျာ ဦးတင့်လွင်ဦး) | | |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

အထက်လိပ်စာပါ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ ရတီ(၁)လမ်း၊ အမှတ်(၃၀၆၀၇) နေ (၁)တရားရှုံး ဦးပိုင်စိုးသူ၊ (၂)တရားရှုံး ဦးမျိုးမင်းဇော် (ယခုနေရပ်လိပ်စာမသိသူ) တို့သိစေရမည်။

၂၀၂၁ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၂၆၀ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရရှိသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်၊ ( ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၁၃ ရက်)နေ့ မွန်းမတည့်မီ (၁၀:၃၀)နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လွင်လွင်ဌေး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ကျောက်တံတားခရိုင်တရားရုံး**

---

## ဒေါ်ကြွေ

## အသက်(၉၅)နှစ်

မန္တလေးမြို့၊ ရွှေတိုက်ရုံဝင်း၊ အမှတ်(၂၁/ဇ–၇)နေ ဦးသိန်းထွန်း–(ဒေါ်မြင့်ခင်)၊ ဒေါ်မူမူသက်၊ ဦးခင်အေး– ဒေါ်ဥမ္မာ၊ ဦးသန်းဝင်း–ဒေါ်ချယ်ရီ၊ ဒေါ်တင်တင်ဝေ၊ ဦးအေးဝင်း– ဒေါ်သန်းသန်းဌေး၊ ဒေါ်ချိုချိုသက်၊ ဦးယဉ်ထွေး–ဒေါ်ခင်ဌေးရီတို့၏မိခင်၊ မြေး ၁၃ ယောက်၊ မြစ် ၁၉ ယောက်တို့၏ အဘွား၊ (ဦးသိန်း)၏ ချစ်လှစွာသော ဇနီးသည် ၁၅–၇–၂၀၂၃ (စနေနေ့) နံနက် ၅ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၆–၇–၂၀၂၃ (တနင်္ဂနွေနေ့) ၁၁ နာရီတွင် အထက်ပါနေအိမ်မှ "အေးရိပ်ငြိမ်"သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါသဖြင့် လိုက်ပါပို့ဆောင်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ အမျှပေးဝေမည်ဖြစ်ပါသဖြင့် ၁၇–၇– ၂၀၂၃(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်လွင်မာဦး(ကျုံကဒတ်ကျေးရွာ)

## Chief Accountant(Golden Rock Group of Companies) (Eco 1986–1993)

## အသက်(၅၅)နှစ်

ကျုံကဒတ်ကျေးရွာနေ ဦးတင်ဖေ–(ဒေါ်ကျင်သန်း)၏ သမီးကြီး၊ ဒေါ်ခင်မာဦး–ဦးဇော်ဝင်း၊ ဒေါ်မိုးသီတာ၊ ဦးတင်ဇော်မိုး–ဒေါ်နွယ်နွယ်စိုးတို့၏ အစ်မကြီးဖြစ်သူ ဒေါ်လွင်မာဦး သည် ၁၄–၇–၂၀၂၃ရက် ည ၁၁:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ပါသဖြင့် ၁၆–၇–၂၀၂၃ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(အမှတ်–၄၆၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းနေအိမ်မှ ကားများ နံနက် ၈ နာရီတွင်ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဂွမ်စိန်

## အသက်(၇၂)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဗထူးလမ်းနေ ဒေါ်သီသီဝင်း၏ ခင်ပွန်း ဦးဂွမ်စိန်သည် ၁၄–၇–၂၀၂၃ (သောကြာနေ့) နံနက် ၄:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအင်ဟုတ်–ဒေါက်တာ ဒေါ်လှလှရီ**

---

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရေကျော်လမ်း၊ အမှတ်(၂၃) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရှစ်ထပ်တိုက်အဆောက်အဦ၏ (၅)လွှာ၊ အကျယ်အဝန်း(၂၅ပေx၇၀ပေ)နှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်သဲသဲမွန်[၁၂/သကတ(နိုင်)၁၆၄၉၃၆]က တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေမှ အဆိုပါတိုက်ခန်းအား အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြား သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်နီနီအောင် (LL.B)** | **ဒေါ်စိမ်းလဲ့စိုး (LL.B)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၃၈၀၂၃) (၅–၁၁–၂၀၁၁)** | **(စဉ်–၅၁၉၄၉) (၂၆–၁၁–၂၀၁၉)** |

**အမှတ်(၁၆)၊ နှင်းပန်းလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09–420124427**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ရာဇသင်္ကြန်ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၄၆၇/က)၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဒေါ်ဌေးဌေးညွန့် အမည်ဖြင့် မှတ်သားထားရှိသော နှစ်(၆၀)ဂရန်မြေအမျိုးအစားဖြစ်ပြီး မြေပိုင်ရှင်ဖြစ်သူ ဒေါ်ဌေးဌေးညွန့် [၁၂/ဒလန(နိုင်)၀၅၉၈၇၉]ကိုင်ဆောင်သူမှ အကျယ်အဝန်း (၁၀ပေx၆၀ပေ)၊ ခေါင်းရင်းခြမ်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းလာသည်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်နိုင် [၁၂/ဒလန(နိုင်)၀၃၁၆၉၂] ကိုင်ဆောင်သူကလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် အိမ်နှင့်မြေရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ် ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူများရှိပါက ယင်းအိမ်မြေနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခိုင်ခိုင်စိုး (LL.B)** | **ဒေါ်သင်းသင်းထွေး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၁၃၆၈၆/၂၀၁၇)** | **(စဉ်–၄၉၀၆၉/၂၀၁၇)** |

**အမှတ်(၁၄၂)၊ ပထမထပ်၊ (၃၉) လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၄၅၃၀၈၁၂၊ ၀၉–၄၂၁၀၄၂၄၄၅**

---

## ဒေါ်စန်းစန်းမြင့်

## အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဦးမောင်မောင်ခြံလမ်း၊ အိမ်အမှတ်(၆၈/၄ခ)နေ (ဦးမောင်မောင်တင်–ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးအေးမောင်)၏ဇနီး၊ ဦးအောင်သန်း၏ညီမ၊ ဦးကြည်ဝင်း၏ အစ်မ၊ ဦးကျော်ခိုင်(မြန်မာ့ကြယ်ငါးပွင့်)၏မိခင်၊ မစုစန္ဒာဝင်း(ခ) Jane ၏ အဘွားဖြစ်သူသည် ၁၅–၇–၂၀၂၃ ရက် မွန်းလွဲ ၁၂:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၁၇–၇–၂၀၂၃ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်သူထွေး

## အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ (၅၇)လမ်းထိပ်၊ အမှတ်(၁၂၂)နေ (ဦးလှထွေး)– ဒေါ်ခင်ဆွေဆွေအေး(Daphne)၏ ချစ်လှစွာသောသားငယ်၊ (ဦးကျော်ဝင်း–ဒေါ်အောင်စိန်ခိုင်)တို့၏ သားသမက်၊ ဒေါ်မြဝင်းနွယ်(အဲမို)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဟိန်းကျော်သူဝင်း၊ မောင်ခန့်ကျော်သူဝင်း တို့၏ ချစ်လှစွာသောဖခင်၊ ဦးတက်နေလင်းထွေး–ဒေါ်စန္ဒာလှိုင်၊ ဦးမိုးကျော်စိုးထွေး–ဒေါ်သူဇာမွန်တို့၏ ညီငယ်၊ မနှင်းအိန္ဒြာလှိုင်၊ မထက်သဒ္ဒါအောင်၊ မောင်ကောင်းမြတ်ထွေး တို့၏ ဦးလေးသည် ၁၅–၇–၂၀၂၃ (စနေနေ့) နံနက် ၁၁:၄၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၇–၂၀၂၃ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁–၇–၂၀၂၃ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရေစက်ချ တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ (၁၀)ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ မြေကွက်အမှတ် (၁၀၆၇– က)၊ ဒေါ်ခင်မေလွင် အမည်ပေါက်အဖြစ် မှတ်သားတည်ရှိသော ပါမစ်မြေကွက်၊ အကျယ်အဝန်း(၂၀ ပေ x ၆၀ ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်(မူရင်း)များဖြင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဦးကျော်လင်းထွန်း [၁၃/တမန(နိုင်)၀၆၈၃၅၈]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ရှိ [၆/ပလန(နိုင်)၀၄၇၅၂၆] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနန္ဒ (L.L.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၅၄၂/၁၇)**
**အမှတ်(၅)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်(တရားရုံးအနီး)။ ဖုန်း–၀၉–၄၄၄၆၇၀၇၀၇**

---

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ ဗလမင်းထင်လမ်း၊ မြေကွက်အမှတ်(၁၅၁၆)၊ အကျယ်အဝန်း(အလျား ၄၀ပေxအနံ၆၀ပေ)ရှိ ဦးအောင်နိုင်(CB–021410)[၁၂/တမန(နိုင်)၀၅၅၁၂၄] အမည်ပေါက် မြေချပါမစ်မြေကွက်အနက် (ခေါင်းရင်းဘက်ခြမ်း)ဖြစ်သော (အလျား ၂၀ပေxအနံ ၆၀ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်အရောင်းအဝယ် စာချုပ်အဆင့်ဆင့်ဖြင့် လက်ဝယ်ထားပိုင်ဆိုင်သူ ဒေါ်ခင်သူဇာအောင် [၁၂/ဥကတ(နိုင်)၀၈၆၃၇၃]က မိမိသာ တရားဝင်ပိုင်ဆိုင်ကြောင်း ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေ ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဝင်းဝင်းနွယ် [B.A(ECO)H.GP] အထက်တန်းရှေ့နေ (စဉ်–၁၁၈၆၉)**
**အမှတ်(၁၂၈/က)၊ ဟိုင်ဆင်ဒူးဝါးလမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၉၅၃၈၀၇၄၄၉**

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၀/မြို့မ မြောက်ရပ်ရှိ မြေကွက်အမှတ် (ပ–၁၅၂၈)ကို အမည်ပေါက် ဦးဖုန်းမြင့်(ဘ)ဦးအောင်သန်း RGN–၀၁၆၈၂၅ (တရားရှုံး)ကိုယ်စား အနိုင်ဒီကရီရရှိသူ ဒေါ်လဲ့လဲ့ဝင်း(ဘ) ဦးဘရင်[၉/မရတ(နိုင်)၀၇၆၃၁၇]၏ အထွေထွေကိုယ်စားလှယ် ဒေါ်ဇွန်သက်မွန်(ဘ)ဦးမြကြိုင်[၅/လဝန(နိုင်)၁၄၀၇၀၉]မှ မြေပေးစလစ်(မူရင်း)ပျောက်ဆုံးသွားသဖြင့် မြေပေးစလစ်(မိတ္တူမှန်) ထုတ်ပေးပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်–၅၁၅၆/၂၀၂၃၊ ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် (၄/၂၀၂၃)၊ ရပ်ကွက်နှင့်ရဲစခန်းထောက်ခံချက်၊ မြေပြင်အခြေအနေပြခတ်ပုံတို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးစလစ်(မိတ္တူမှန်) လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ညောင်တုန်းလမ်း၊ အမှတ်(၂/က)ပေါ်တွင် ဆောက်လုပ်ထားသော (၇)ထပ်တိုက်၏ ပထမထပ်၊ (၂–လွှာ)၊ အကျယ်အဝန်း (၂၅ x ၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင် ပိုင်ရှင်ဖြစ်သူ ဦးဟန်မင်းထက်အောင်[၁၄/ကကန (နိုင်) ၁၁၀၁၀၃] အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်စိုးစိုးမြင့်** | **ဦးသိန်းညွန့်** |
| **BSc,DA,HGP,R.L,DBL,DML,DIL** | **LL.B(စဉ်–၁၀၀၆၃)** | **B.A,HGP,R.L,DBL,DML,DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၃၅၆၁)** |
| **ဖုန်း–၀၉–၇၉၈၈၂၇၅၉၀** | **၀၉–၄၂၁၀၃၅၉၆၃** | **၀၉– ၅၀၅၃၁၀၇** |

**အမှတ်–၁၄၂၊ ပထမထပ်၊ ၃၉–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေး မူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။
(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံ ချောမွေ့စေရေး။

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။
(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည် ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။
(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နောက်ကျကျန်ရစ်၍ ရနိုင်မည်မဟုတ်...

❖ အသိပညာမြင့်မားစေရေးအတွက် မိမိကိုယ်တိုင် စာပေလေ့လာမှုသာမက မိမိတို့၏ သား/သမီးများကိုလည်း စာပေ၊ ဗဟုသုတ မြင့်မားအောင် ဆောင်ရွက်ပေးရန်လို...

❖ ပညာရေးနှင့်ပတ်သက်၍ ဖတ်ရှု၊ မှတ်သား၊ လေ့လာခြင်းဖြင့် အသိပညာမြင့်မားအောင် ကြိုးစားရမည်ဖြစ်ပြီး အသိပညာမြင့်မားမှသာလျှင် ဒီမိုကရေစီစနစ်နှင့် တိုင်းပြည်၏ အနာဂတ်ကိုလည်း အာမခံနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

### သမိုင်းမှတ်တမ်းများလေ့လာဖို့ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် သွားကြစို့



ဆောင်းပါး စာမျက်နှာ » ၆

### အပူချိန်လွန်ကဲမှုကြောင့် အီတလီနိုင်ငံတစ်ဝန်းရှိ မြို့ကြီး ၁၆ မြို့၌ အနီရောင်အဆင့် သတိပေးချက်များ ထုတ်ပြန်

စာမျက်နှာ » ၁၃

## အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း တတိယနေရာရရှိ



ရန်ကုန် ဇူလိုင် ၁၅

၂၀၂၃ အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ တတိယနေရာလုပွဲကို ဇူလိုင် ၁၅ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း ပင်နယ်တီအဆုံးအဖြတ်တွင် အနိုင်ရရှိပြီး တတိယနေရာရရှိခဲ့သည်။

မြန်မာအသင်းသည် တတိယနေရာလုပွဲတွင် အိမ်ရှင်အင်ဒိုနီးရှားအသင်းနှင့် တွေ့ဆုံခဲ့ပြီး သာမန်ပွဲကစားချိန် မိနစ် ၉၀ တွင် တစ်ဂိုးစီသရေကျနေသဖြင့် ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ မြန်မာအသင်းက လေးဂိုး-နှစ်ဂိုး၊ စုစုပေါင်း ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၅ သို့ ○

မြန်မာနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်စဉ်။

### အာဆင်နယ်အသင်းက ဝက်စ်ဟမ်းကွင်းလယ်လူ ဒီကလန်ရိုက်ကို ပေါင် ၁၀၅ သန်းဖြင့် ခေါ်ယူ



အာဆင်နယ်အသင်းဟာ ဝက်စ်ဟမ်းအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ကို ခေါ်ယူလိုက်ပြီ ဖြစ်တယ်လို့ အာဆင်နယ် အသင်းနဲ့ ဝက်စ်ဟမ်း အသင်းတို့က အတည်ပြု ပြောကြားလိုက်ပြီ ဖြစ်ပါတယ်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❏

## MNL ပြိုင်ပွဲတွင် ရောဝတီအသင်း နိုင်ပွဲရရှိ

ရန်ကုန် ဇူလိုင် ၁၅

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၂) ပထမနေ့ကို ဇူလိုင် ၁၅ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ ရောဝတီအသင်းက ဒဂုံစတားအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**အပြန်အလှန်သွင်းဂိုးများဖြင့် အရေးနိမ့်**

ရောဝတီယူနိုက်တက်အသင်းသည် ဒုတိယအကျော့အဖွင့်ပွဲတွင် နိုင်ပွဲရယူပြီး တန်းဆင်းဇုန်မှရုန်းထွက်နိုင်ရန် အခြေအနေကောင်းသွားခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❂

ရောဝတီယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

